# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(မွေ့ပဒ-၁၇၂)


၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ စနေနေ့။ Saturday, 31 July 2021 ၁၀၄၅၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သတင်းထုတ်ပြန်ချက်

# ကမ္ဘာ့ကပ်ရောဂါကို တွန်းလှန်နေချိန်တွင် စိတ်ဝမ်းကွဲစေရန်ဖန်တီးမှုများကို လက်မခံ

ဗြိတိန်နိုင်ငံ၏ ကမကထပြုမှုဖြင့် မြန်မာနိုင်ငံဆိုင်ရာ Arria Formula အစည်းအဝေးတစ်ရပ်ကို ၂၉-၇-၂၀၂၁ ရက်က နယူးယောက်မြို့တွင် ပြုလုပ်ခဲ့သည်။ Arria Formula အစည်းအဝေး၏ သဘောသဘာဝအရ အလွတ်သဘောဆွေးနွေးမှုသာဖြစ်ပြီး အစည်းအဝေးမှ စာရွက်စာတမ်း တစ်စုံတစ်ရာထွက်ရှိခြင်းမရှိပါ။ လုံခြုံရေးကောင်စီ၏ လုပ်နည်းလုပ်ဟန်အရ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ ကမကထပြုဆောင်ရွက်နိုင်ပြီး အစည်းအဝေးသို့ ဖိတ်ကြားသူများအားလုံးနှင့် တက်ကြွလှုပ်ရှားသူများလည်း အဟန့်အတားမရှိဘဲ ပါဝင်နိုင်ခြင်းဖြစ်သည်။

ယခုအစည်းအဝေးစီစဉ်သူများ၏ ရည်ရွယ်ချက်သည် မေးခွန်းထုတ်ဖွယ်ဖြစ်သည်။ အခြားပါဝင်ပတ်သက်နေသူများ၏ ကွဲပြားသည့် သဘောထားအမြင်များ ပါဝင်ရမည့်အစား ထင်ယောင်ထင်မှားဖြစ်စေရန်ရည်ရွယ်၍ လုပ်ကြံဖန်တီးထားသည့် တစ်ဖက်သတ်လိုရာဆွဲပြောကြားသည့် သတင်းအချက်အလက်များကို အခြေခံဆွေးနွေးခဲ့ကြောင်း တွေ့ရှိရသည်။ မြေပြင်အခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်နိုင်ခြင်းမရှိသူများအား ပါဝင်ရှင်းလင်းတင်ပြစေခြင်းဖြင့် နိုင်ငံတကာအသိုက်အဝန်းမှ အထင်အမြင်လွဲမှားစေရန် ယင်းအစည်းအဝေးကို စီစဉ်ခဲ့သည်။ ပါဝင်တက်ရောက်သူများတွင် NUG အကြမ်းဖက်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် ရာထူးမှ ထုတ်ပယ်ခံထားရပြီး နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့် တရားရင်ဆိုင်နေရသူ ဦးကျော်မိုးထွန်းတို့ ပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါအစည်းအဝေးတွင် ၎င်းတို့၏ ပါဝင်တက်ရောက်မှုနှင့် ဆွေးနွေးပြောကြားချက်များအား ပြင်းထန်စွာ ကန့်ကွက်ပယ်ချလိုက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

**ကြေးမုံ ယနေ့ ဖတ်စရာ**


ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ
စာမျက်နှာ » ၅

လူမှုကွန်ရက်မှာ အသုံးချခံမဖြစ်ဖို့
စာမျက်နှာ » ၆

စွယ်စုံရစာပေပညာရှင် ပင်ကိုရေး စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း
စာမျက်နှာ » ၈

အကြမ်းဖက်ခြင်း သင်နှင့် အနီးဆုံးမှာနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး သင်ခန်းစာများ
စာမျက်နှာ » ၁၀




မူဆယ် ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အိုးများ တင်သွင်းလာသည့် ယာဉ်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို အများပြည်သူအလုပ်ပိတ်ရက်ရှည်တွင် တင်သွင်းခွင့်ပြုလျက်ရှိ

နေပြည်တော် ဇူလိုင် ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်း ထိန်းချုပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှတင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းနှင့် နယ်စပ်ဒေသများမှ တင်သွင်းရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ရုံးပိတ်ရက်မရှိ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အများပြည်သူအလုပ်ပိတ်ရက်ရှည်ဖြစ်သည့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)ရုံးများသို့ ပို့ကုန်သွင်းကုန်လိုင်စင် လာရောက်လျှောက်ထားမှုများကို ပုံမှန် အွန်လိုင်းစနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

ကြေးမုံ

# အဖျက်လုပ်ရပ်အားပေးမှုကို အထူးသတိချပ်

ယနေ့ကာလတွင် နိုင်ငံရေးကိုအကြောင်းပြု၍ မဟုတ်မမှန်သတင်းများ၊ ကောလာဟလသတင်းများ၊ ပုံကြီးချဲ့ကားထားသောသတင်းများ လွှင့်ထုတ်နေကြသည်။ အဓိကမှာ နိုင်ငံရေးအမြတ်ထုတ်လိုသောကြောင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကိုင်နေကြသူများနှင့် ယင်းတို့နှင့်ပတ်သက်၍အသိအမြင်လွဲမှားနေသူများ၊ အမှောင်ဖုံးနေသူများကလည်း နောက်မှလိုက်ပါကာ မမှန်သတင်းများ၊ ပုံကြီးချဲ့ထားသောသတင်းများကို ထပ်ဆင့်မျှဝေလာကြသည်။ ယနေ့အချိန်ကာလတွင် နိုင်ငံရေးကိစ္စသည် အဓိကမဟုတ်ပေ။ ကျန်းမာရေးကိစ္စ၊ လူ့အသက်ကိစ္စ၊ လူမှုရေးကိစ္စများမှာ အရေးကြီးနေ၍ ယင်းတို့အပေါ် ထိခိုက်စေနိုင်မည့်သတင်းစကားများ မပါးမိဖို့ လိုပေသည်။

ယနေ့အချိန်အခါတွင် အမေရိကန်စာရေးဆရာကြီး Mark Twain ပြောခဲ့သည့် ‘a lie travel halfway around the world while the truth is still putting on its shoes’ – “အမှန်တရားက ဖိနပ်စီးနေတုန်းမှာ မုသားဟာ ကမ္ဘာတစ်ဝန်း ခရီးသွားနိုင်ပါတယ်” ဆိုစကားကဲ့သို့ပင် မဟုတ်မမှန်သတင်းများ၊ ကောလာဟလသတင်းများ၊ ပုံကြီးချဲ့ကားထားသောသတင်းစကားများသည် အမှန်တရားမပေါ်ပေါက်မီ လူမှုပတ်ဝန်းကျင်သို့သာမက တစ်ကမ္ဘာလုံးသို့ပင် ပျံ့နှံ့အောင် ဖန်တီးဖော်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုအခါ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်ကြသည်သာမက ကမ္ဘာ့နိုင်ငံကြီးများ၊ အဖွဲ့အစည်းများပင် မမှန်သတင်းများကို ကိုးကား၍ သုံးသပ်ဆုံးဖြတ်လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

မုသားစကားသည် အမှန်တရားထက်ပင် ပျံ့နှံ့အားပိုမိုကောင်းသည်မှာ ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင်အောင်ပင်ဖြစ်သည်။ ယင်းကို ၁၉၈၈ ခုနှစ်ဖြစ်စဉ်နှင့် ရခိုင်ပြည်နယ် အနောက်ဘက်တံခါးဖြစ်စဉ်များက သက်သေပြခဲ့ပြီးဖြစ်သည်။ ထိုဖြစ်စဉ်များအတွက် အဓိကတာဝန်ရှိကြသူများမှာ သတင်းမီဒီယာများပင်ဖြစ်သည်။ အထူးသဖြင့် ပြည်ပအခြေစိုက်မီဒီယာများဖြစ်ပြီး ယခုအခါ ပြည်တွင်းမီဒီယာများလည်း ပါဝင်လာကြသည်။ အဆိုပါသတင်းမီဒီယာများအနေဖြင့် စောင့်ထိန်းရမည့်သတင်းမီဒီယာကျင့်ဝတ်များကို မလိုက်နာတော့ဘဲ ၎င်းတို့အား အထောက်အပံ့ပေးသူများ၏ မူဝါဒများအတိုင်း ပျက်စီးရာပျက်စီးကြောင်း တစိုက်မတ်မတ် လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုအခါ တရားဝင်မီဒီယာမှ ဥပဒေဖောက်ဖျက်သဖြင့် တရားမဝင်မီဒီယာအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်သည်။

ဥပဒေကျင့်ဝတ်များကိုဖောက်ဖျက်သော တရားမဝင်မီဒီယာများသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့်သတင်းများကို တရားဝင်လုပ်ကိုင်နိုင်ခွင့်မရှိတော့သော်လည်း လွတ်မြောက်ရာနယ်မြေမှ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း မကောင်းသတင်းများကို ပြောင်ပြောင်တင်းတင်းလုပ်ကိုင်နေကြသည်ကို တွေ့ရမည် ဖြစ်သည်။ ပြည်တွင်းသတင်းများကို ပြည်ပမှလွှင့်ထုတ်နိုင်ခြင်းသည် ပြည်တွင်းသတင်းပေးများကြောင့်ဟု ဆိုရမည်ဖြစ်သည်။ ပြည်တွင်းသတင်းပေးများသည် သတင်းသမားကျင့်ဝတ်များကို လိုက်နာခြင်းမရှိဘဲ ပြည်ပအထောက်အပံ့များကြောင့်သာ လုပ်ကိုင်နိုင်ခြင်းဖြစ်ပြီး အချို့လည်း စိတ်ခံစားချက်ကို ရှေ့တန်းတင်ပြီး တိုင်းပြည်အကျိုးစီးပွားကို မငဲ့ကွက်ဘဲ လုပ်ကိုင်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းချိန်မှစတင်ပြီး သတင်းမီဒီယာလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်နိုင်ခွင့်ရှိလာရာ ၁၀ နှစ်တာကာလအတွင်း သတင်းမီဒီယာများ အလွန်ခရီးရောက်ခဲ့သည်။ သတင်းမီဒီယာများ လွတ်လပ်ခွင့်ရလာသည်နှင့် ပုံနှိပ်မီဒီယာများနှင့်အတူ အွန်လိုင်းမီဒီယာများလည်း ခေတ်စားလာခဲ့သည်။ အွန်လိုင်းမီဒီယာများတွင် ဆိုရှယ်မီဒီယာများမှာ ပိုမိုခေတ်စားလာပြီး ယင်းအပေါ်တွင် နိုင်ငံရေးအမြတ်ထုတ်မှုများ ပေါ်ပေါက်လာခဲ့သည်။ ပြည်သူများသည် ဆိုရှယ်မီဒီယာများပေါ်တွင် နေ့စဉ်ရှင်သန်နေကြသဖြင့် မှန်ကန်သောအသိအမြင်များထက် မှားယွင်းသောအသိအမြင်များ အားကောင်းလာသောအခါတွင် လူမှုပတ်ဝန်းကျင်၌ စိတ်မချမ်းမြေ့ဖွယ်ရာများ ပြည့်နှက်လာခဲ့သည်။ ယင်းအချိန်တွင် မမှန်သတင်းများ၊ ကောလာဟလသတင်းများ၊ ပုံကြီးချဲ့သတင်းများသည် မီးလောင်ရာလေပင့်သကဲ့သို့ အားကောင်းလာခဲ့သည်။

၁၀ နှစ်တာအရှိန်ရလာသော လွတ်လပ်သည့်သတင်းမီဒီယာလောကသည် ၂၀၂၀ ပြည့်နှစ် မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်များအတွင်း သတင်းမီဒီယာလောကပြိုလဲခြင်းဆိုသည်ထက် အွန်လိုင်းမီဒီယာအပါအဝင် သတင်းမီဒီယာလောကဖောက်ပြန်ပျက်စီးခြင်းဖြစ်သည်။ အဓိကမှာ တိုင်းပြည်ကို ပျက်စီးရန်ကြံစည်ကြသည့် ပြည်ပအထောက်အပံ့ခံ ဆိုရှယ်မီဒီယာပလက်ဖောင်းများ အားကောင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ ဆိုရှယ်မီဒီယာပေါ်တွင် တိုင်းပြည်ကို အဆိပ်ခတ်မှိုင်းတိုက်မှုများသည် အမှန်တရားအတွက် နေရာမရှိသလိုဖြစ်နေသည်။ ယနေ့ပြည်တွင်း၌ဖြစ်ပေါ်နေသော အကြမ်းဖက်လက်နက်အားထက် မီဒီယာအဖျက်လက်နက်အားသည် ပိုမိုအားကောင်းသလိုဖြစ်နေသည်။

သို့ဖြစ်ရာ တိုင်းပြည်ကို ပျက်စီးရာပျက်စီးကြောင်းပြုလုပ်နေသည့် ပြည်ပအခြေစိုက် တရားမဝင်မီဒီယာများအား သတင်းပေးနေသည့် ပြည်တွင်းအခြေစိုက်သတင်းမီဒီယာသမားများအနေဖြင့် အဖျက်မီဒီယာကို သတင်းပေးလျှင် အဖျက်မီဒီယာသမားဖြစ်မည်ကို အထူးသတိချပ်စေလိုပါကြောင်း။ ။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ




နေပြည်တော် ဇူလိုင် ၃၀

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၁၂၆ ခုမှ အိမ်သုံးအောက်ဆီဂျင်စက် ၄၈၉၆ ခု၊ Oximeter ၃၃၈၀၀၊ Oxygen Inhalator ၁၀၀၀၀၊ COVIPAS Tablet 400 mg ၂၄၀၀၊ FRAVIR Tablet ၅၀၀၊ Flowmeter ၂၃၈၀၊ Medical Isolation Mask ၁၂၀၀၊ Test Kit အခု ၉၀၀၊ Oxygen Mask ၁၁၀၀၊ Nasal Cannula ၁၀၀၊ Spare Part For Oxygen Concentrator ၆၄ ခု၊ Oxygen Regulator ၃၆၅၀၊ Oxygen Tube ၄၅၀၀၊ Oxygen Pipe ၈၅၀၊ Oxygen Refill Machine သုံးခု၊ KN95 Mask ၁၀၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ကိုဗစ်-၁၉ ကာကွယ် ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၃၆ မျိုး (၆၁၇၈၃ ဒသမ ၁၄ ကီလိုဂရမ်)၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ ကျိုင်းတုံ၊ ကော့သောင်း)တွင် ကုမ္ပဏီ ၄၀ မှ Disposable / Surgical Masks ၈၈၇၁၇ ကီလိုဂရမ်၊ Non Woven Interlining Fabric ၂၀၀၀ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၂၀ ကုဗမီတာ၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၈၃ ခု၊ Oxygen Cylinder ၆၉၅၄ ခု၊ Flow meter ၁၄၀၁ ခု၊ Oximeter ၅၆၆ ခု၊ PPE Gown ၂၈၄၂၀၊ Oxygen Plant သုံးခု၊ Oxygen Masks ၆၂၀၀၊ Oxygen Pack ၅၂၀၀၊ Mask Making Machine တစ်ခု၊ Regulator ၁၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘားအံမြို့၌ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၃၀

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၃၀- ၇ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၆၇၇ | ၆,၀၂၁,၃၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၈၈၄ | ၂,၉၀၉,၄၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၃၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | မြန်မာငွေကျပ် |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | ၁၆၄၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | ၁၉၅၇.၄ |
| (ဂ) တရုတ် | တစ်ယွမ် | ၂၅၄.၈၁ |
| (ဃ) ထိုင်း | တစ်ဘတ် | ၅၀.၀၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | ၃၈၉.၅၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | ၂၂.၁၂၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | ၁၂၁၆.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | ၁၂၁၆.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | ၁၅၀၂.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | ၁၄၃.၃၄ |

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူလူထုကို ကျေးဇူးတင်

**လက်ရှိအချိန်တွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ သုတေသနပြုထားသည်များကို လေ့လာမှုများနှင့် Mobility Patterns အရ လူစုလူဝေး ပြုလုပ်မှု၊ လူအများစုရုံးနေမှုများ လျော့နည်းလာသည်ကို လက်တွေ့ တွေ့မြင်ရပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုမှာ မြင့်တက်လာသည်ကို တွေ့ရှိရကာ သတ်မှတ်ထားသည့် စည်းကမ်းများကို အလေးထားလိုက်နာလျက်ရှိသည့်အတွက် ပြည်သူလူထုကို ကျေးဇူးတင်ရှိပါကြောင်း၊ ထုတ်ပြန်ထားရှိသည့် သွားလာနေထိုင်မှုအခြေခံ စည်းကမ်းများကို တစ်ဦးချင်း တာဝန်သိစွာဖြင့် လိုက်နာဆောင်ရွက်ပြီး အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၈-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❖ **ရှေ့ဖုံးမှ**

အဆိုပါ အလွတ်သဘောအစည်းအဝေးမတိုင်မီ ၂၆-၇-၂၀၂၁ ရက်က မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Andrew က အလားတူ အခြေအမြစ်မရှိသည့် အချက်အလက်များပါဝင်သည့် သတင်းတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ရန် ယခုနှစ်မကုန်မီ လူဦးရေ၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံနိုင်ရေး အစွမ်းကုန်ကြိုးပမ်းလျက်ရှိသည်။ ရောဂါကူးစက်ပြန့်ပွားမှုကို ထိရောက်လျင်မြန်စွာ ထိန်းချုပ်ရေး၊ ကာကွယ်ရေးနှင့် ကုသရေးတို့အတွက် တပ်မတော်ဘက်မှ ၁၀-၅-၂၀၂၀ ရက်မှ ၃၁-၇-၂၀၂၁ ရက်အထိ အပစ်အခတ်ရပ်စဲထားကြောင်းကို စတင်ထုတ်ပြန်ခဲ့ပြီး လက်ရှိအချိန်အထိ သက်တမ်းတိုးမြှင့်ထားပြီးဖြစ်သည်။

၂၇-၁-၂၀၂၁ ရက်မှ ၂၁-၇-၂၀၂၁ ရက်အတွင်း ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းအများစုတို့အား ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီး ဖြစ်သည်။ နိုင်ငံတစ်ဝန်း ဦးတည်အုပ်စု (၁၂) စုကို ဦးစားပေးထားရှိကာ ကာကွယ်ဆေးထိုးမည့် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မကြာသေးမီက ကာကွယ်ဆေး (၃) သန်း ရောက်ရှိခဲ့ပြီး ဩဂုတ်လတွင် နောက်ထပ်(၃)သန်း ထပ်မံရရှိမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကျန်းမာရေးဝန်ထမ်းအချို့သည် လုပ်ဖော်ကိုင်ဖက်များအား ၎င်းတို့၏ ကျွမ်းကျင်သည့် တာဝန်မထမ်းဆောင်နိုင်စေရန် အရှက်ခွဲခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အကျပ်ကိုင်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကမ္ဘာ့ကပ်ရောဂါ တိုက်ဖျက်ရေးနှင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို အချိန်တိုအတွင်း တိုးမြှင့်ဖြည့်ဆည်းနိုင်ရေးအတွက် ပူးပေါင်းပါဝင်လိုသူများကို တံခါးဖွင့်ဖိတ်ခေါ်ထားလျက်ရှိသည်။ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးအစီအမံများအတွက် တပ်မတော်က အများပြည်သူသို့ ကျန်းမာရေးဝန်ဆောင်မှုများ၊ အထောက်အကူပြုပစ္စည်းများကို ပံ့ပိုးကူညီလျက်ရှိသည်။

ကမ္ဘာ့ကပ်ရောဂါကို ထိန်းချုပ်တားဆီးရန် အခြားနိုင်ငံများနည်းတူ မြန်မာပြည်သူများ လက်တွဲကာ တွန်းလှန်နေချိန်တွင် အချင်းချင်းစိတ်ဝမ်းကွဲပြားမှုများနှင့် သံသယများဖြစ်ပေါ်စေရန် ဖန်တီးခြင်းကို လက်ခံနိုင်ဖွယ်မရှိပါ။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းမှုမှန်သမျှကို မြန်မာနိုင်ငံက ပြင်းထန်စွာရှုတ်ချလိုက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားလာနိုင်သည့်ရောဂါများ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဆက်လက်ထိုးနှံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်ပွားလာနိုင်သည့် ရောဂါများ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဆက်လက်ထိုးနှံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နေပြည်တော်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယခုကာလတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများအပြင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ ပြည်သူများ ယာယီစခန်းများသို့ ခေတ္တရွှေ့ပြောင်းနေထိုင်ကြရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများမဖြစ်ပွားစေရေးနှင့် အခြားသော ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် လုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားရာနေရာ ဒေသများတွင် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)များ၊ လက်သန့်ဆေးရည်(Hand Sanitizer Gel)များ အလုံအလောက် မြန်မြန်ဆန်ဆန် ဝေငှသွားရမည်ဖြစ်ကြောင်း၊ ယာယီစခန်းများတွင် ကျန်းမာရေးအသိပညာပေးခြင်းများအပြင် လက်ဆေးရန်နေရာများ ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ရေသန့်စင်ဆေးပြားနှင့် ဆေးမှုန့်များ၊ ဝမ်းပျက်ဝမ်းလျှောရောဂါတွင် အသုံးပြုသည့်ဆေးဝါးများနှင့် ဓာတ်ဆားထုပ်များ၊ မြွေဆိပ်ဖြေဆေးနှင့် ဆေးဝါးများကို ကြိုတင်ပြင်ဆင်ထားရှိမှုများကို သေချာစေရန်ဆောင်ရွက်ပြီး ထပ်မံလိုအပ်ချက်ရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ စီစဉ်ထားရှိရမည်ဖြစ်ကြောင်း။

ယခုဒေသများသည် နှစ်စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကျဒေသများ ဖြစ်သည့်အလျောက် မိမိတို့ဒေသများတွင် ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ မပျက်စီးစေရန် ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် နီးနွယ်ဌာနဆိုင်ရာများ၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကာကွယ်ဆေးများ အသုတ်လိုက် ထပ်မံရောက်ရှိလျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင် သတ်မှတ်အုပ်စုများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း၊ ထိုသို့ ထိုးနှံရာတွင် လုပ်ငန်းလမ်းညွှန်များနှင့်အညီ စနစ်တကျဆောင်ရွက်ရန်နှင့် စာရင်းဇယားများ သေချာစွာပြုလုပ်ထားရှိရန် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အောက်ဆီဂျင်ထုတ်သည့်စက် (Oxygen Plant)များ ထပ်မံတည်ဆောက်ခြင်း၊ အောက်ဆီဂျင်များ ဝယ်ယူဖြန့်ဖြူးခြင်းတို့ကို တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီများ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ လူနာများအတွက် အောက်ဆီဂျင်များ ပိုမိုပေးအပ်နိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာနများလည်း ထပ်မံတိုးချဲ့လျက်ရှိပြီး ကုသရေးဌာနများရှိလူနာများ ဆေးရုံသို့ မလွှဲပြောင်းမီအချိန်တွင် ဆေးရုံတွင်ကုသသကဲ့သို့ ကုသမှုရရှိစေရန် ဆေးဝါးနှင့် ဆေးပစ္စည်းများလည်း ထပ်မံဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြတောင်းခံရန်နှင့် ဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်ဒေါက်တာမြတ်ဝဏ္ဏစိုးက ဇပါန်မှပေးပို့လာသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မိမိတို့၏ ကာကွယ်ဆေးသိုလှောင်ရုံ အအေးလမ်းကြောင်းများတွင် ထားသိုခြင်းနှင့် မြို့နယ်များသို့ ထပ်ဆင့်ဖြန့်ဝေပေးခြင်းတို့အပြင် ကာကွယ်ဆေးများကို အအေးလမ်းကြောင်း မပြတ်ဘဲ ပိုမိုထားသိုနိုင်ရန်အတွက် တပ်မတော်ဆေးရုံများရှိ Cold Chain System များနှင့် ချိတ်ဆက်၍ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရာတွင် အသက် ၆၅ နှစ်အထက်များသာမက သတ်မှတ်အုပ်စုများအားလုံးကို ထိုးနှံကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုအဖွဲ့များ ဖွဲ့စည်းထားရှိရာတွင် စေတနာ့ဝန်ထမ်းများထပ်မံလိုအပ်ပါက သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးစီးလမ်းညွှန် ပံ့ပိုးမှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရေကြီးရေလျှံမှုဖြစ်စဉ်များ ဖြစ်ပွားမှု၊ ယာယီစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ ကူးစက်ရောဂါများဖြစ်ပွားမှုမရှိစေရေးအတွက် ရောဂါကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးများရရှိမှု၊ ထားသိုမှုနှင့် ဖြန့်ဖြူးမှု၊ ကာကွယ်ဆေးထိုးနှံပေးနေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ကိုဗစ်-၁၉ လူနာများအတွက် အောက်ဆီဂျင်များ ပိုမိုရရှိစေရေး ဆောင်ရွက်နေမှုလုပ်ငန်းများ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း တင်ပြခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကူးစက်)နှင့် တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

အမိန့်အမှတ် ၂၉၇ /၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်းရှိ မြို့နယ်အချို့တွင် ကိုဗစ်–၁၉ ခတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

**(က) ပဲခူးတိုင်းဒေသကြီး**
(၁) နတ်တလင်းမြို့နယ်။

**(ခ) မန္တလေးတိုင်းဒေသကြီး**
(၁) မြစ်သားမြို့နယ်၊
(၂) မတ္တရာမြို့နယ်၊
(၃) သပိတ်ကျင်းမြို့နယ်၊
(၄) မိတ္ထီလာမြို့နယ်၊
(၅) ဝမ်းတွင်းမြို့နယ်၊
(၆) သာစည်မြို့နယ်၊
(၇) ငါန်းဇွန်မြို့နယ်၊
(၈) တောင်သာမြို့နယ်၊
(၉) ပျော်ဘွယ်မြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေတာဝန်ထမ်းဆောင်သူများမပါ၊

(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင် ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာ ရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများ မပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၃၁–၇–၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# မြစ်ကြီးနားမြို့၌ တပ်မတော်လေယာဉ်ဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ရောက်ရှိ

**မြစ်ကြီးနား ဇူလိုင် ၃၀**

ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး Sinopharm များကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနား နန်ပေါင်လေဆိပ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် Sinopharm အမှတ်တံဆိပ်ပါ ကာကွယ်ဆေးအလုံး ၈၈၀၀ နှင့် Sinovac အမှတ်တံဆိပ်ပါ ကာကွယ်ဆေး ၁၅၇၃ လုံးတို့ဖြစ်သည်။ အဆိုပါ ကာကွယ်ဆေးများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးတို့က လက်ခံရယူခဲ့ကြပြီး လက်ခံရရှိသည့် ကာကွယ်ဆေးများကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာတင့်နိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးရေတွက်ကာ ဗန်းမော်ခရိုင်အတွက် ကာကွယ်ဆေးများကို လေယာဉ်ဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့နယ် အာလမ်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းခွဲ (အာလမ်–၁) သို့ ရောက်ရှိပြီး အဆိုပါကျောင်း၌ အာလမ်၊ အူဗျစ်နှင့် ဒွန်ဂမ်ကျေးရွာတို့မှ ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာများနှင့်ဆက်စပ်ခဲ့သည့် ပြည်သူများအား ရပ်/ရွာအခြေပြု ကိုဗစ်–၁၉ ရောဂါ စစ်ဆေးပေးခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ထပ်တိုး အတည်ပြုလူနာသုံးဦးတို့ ထပ်မံတွေ့ရှိခဲ့သဖြင့် ၎င်းတို့အား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တွေ့ဆုံအားပေးစကားပြောကြားပြီး လူနာနှင့် မိသားစုများအတွက် နေထိုင်စားသောက်မှုအဆင်ပြေစေရေး ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



# လူမှုကွန်ရက်မှာ အသုံးချခံမဖြစ်ဖို့

မျိုးငြိမ်းငယ်

နည်းပညာတိုးတက်လာခြင်းဟာ လူတွေရဲ့နေ့စဉ်လုပ်ငန်းဆောင်တာတွေအတွက် ကောင်းကျိုးတွေယူဆောင်လာပါတယ်။ အရင်က မြန်မာနိုင်ငံမှာ တယ်လီဖုန်းတစ်လုံးပိုင်ဆိုင်ဖို့ဆိုတာ အိပ်မက်တောင်မမက်ရဲပါဘူး။ ကမ္ဘာပေါ်က ဖြစ်ပျက်နေတာတွေကို သိဖို့ဆိုတာ ခက်ခက်ခဲခဲနဲ့ သိခဲ့ရပါတယ်။ အခုတော့ အခြေအနေတွေက ပြောင်းလဲနေပါပြီ။ ၁၉၆၉ ခုနှစ် ဇူလိုင်လက လကမ္ဘာပေါ်ကို လူသားတွေခြေချနိုင်တော့ တစ်ကမ္ဘာလုံး အုန်းအုန်းကျွက်ကျွက်နဲ့ ချီးမွမ်းအံ့သြခဲ့ကြပါတယ်။ ဒီနေ့ဆိုရင် လကမ္ဘာကိုကျော်လွန်ပြီး ကမ္ဘာကနေ မိုင်ပေါင်း ၃၃ ဒသမ ၉ သန်းဝေးတဲ့ အင်္ဂါဂြိုဟ်ဆီကို အာကာသစူးစမ်းလေ့လာရေးယာဉ်တွေ ဆင်းသက်နေပါပြီ။

## နည်းပညာမြင့်လာခြင်းနှင့်အတူ

အဲဒီလို မြင့်မားလာတဲ့နည်းပညာတွေကြောင့် ဒီကနေ့ ကမ္ဘာပေါ်က နေရာမလပ်၊ စက္ကန့်မလပ် ဖြစ်ပျက်နေတာကို သိနေရ၊ မြင်နေရပါပြီ။ IT နည်းပညာတွေမြင့်မားလာတဲ့ ကမ္ဘာကြီးကို ရွာကြီးတစ်ရွာနဲ့ နှိုင်းယှဉ်ပြောဆိုလာတာ နည်းပညာရဲ့ အကျိုးကျေးဇူးကြောင့်ပါ။ ဒါတွေဟာ နည်းပညာတွေ တိုးတက်လာတဲ့ အကျိုးဆက်နဲ့ တိုးတက်လာတဲ့ နည်းပညာတွေကို လူသားအကျိုးပြုဖို့အတွက် အသုံးပြုလို့ ရရှိလာတဲ့ ရလဒ်တွေပါပဲ။ အလားတူပါပဲ။ အဏုမြူကို ရှာဖွေတွေ့ရှိပြီးနောက်မှာ အဏုမြူကို လူသားအကျိုးပြုနေရာတွေမှာ အသုံးပြုကြသလို လူသတ်လက်နက်အဖြစ် အသုံးပြုကြတာတွေလည်းရှိခဲ့၊ ရှိနေဆဲပါ။ ဒီတော့ အဏုမြူတွေ၊ နည်းပညာတွေ တိုးတက်လာတဲ့နောက် ဖြစ်လာတဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေဆိုတာ အသုံးပြုတဲ့သူရဲ့ ရည်ရွယ်ချက်နဲ့ အသုံးပြုတဲ့နည်းလမ်းအပေါ်မှာပဲ မူတည်နေပါတော့တယ်။

## ဘေးထွက်အကျိုးဆက်

ကွန်ပျူတာနဲ့အင်တာနက်ကို ၁၉၉၀ ပြည့်နှစ်များအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခဲ့ပါတယ်။ ဆယ်စုနှစ်နှစ်ခုကျော်အတွင်းမှာ လူတွေရဲ့အလုပ်လုပ်ပုံ၊ ကွန်ရက်ချိတ်ဆက်မှုနဲ့ ဆက်သွယ်မှုတွေကို ပြောင်းလဲလာစေခဲ့ပါတယ်။ တကယ်တော့ သတင်းအချက်အလက်နည်းပညာတိုးတက်မှုတွေဟာ လူ့အဖွဲ့အစည်းရဲ့ကဏ္ဍအများစုအပေါ် အပြုသဘောအကျိုးသက်ရောက်စေခဲ့ပါတယ်။ ဒါပေမယ့် အခြားတစ်ဖက်မှာတော့ ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုတွေကိုလည်း တွေ့လာခဲ့ရပါတယ်။

အင်တာနက်တွေ၊ ဆက်သွယ်ရေးနည်းပညာတွေ အံ့မခန်းတိုးတက်လာလို့ နယ်မြေကန့်သတ်ချက်၊ အချိန်ကန့်သတ်ချက်မရှိဖြစ်လာခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့လူမှုကိစ္စအဝဝမှာ ကောင်းကျိုးတွေ ရရှိခဲ့ပါတယ်။ အရင်က စကားပြောရုံသက်သက်အတွက် ဖုန်းတစ်လုံးပိုင်ဆိုင်ဖို့ခက်ခဲတဲ့ အခြေအနေကနေ အခုဆို ခေတ်မီတဲ့ဖုန်းတစ်လုံး ပိုင်ဆိုင်ဖို့ လွယ်ကူလာသလို အဲဒီဖုန်းတစ်လုံးနဲ့ပဲ အိမ်ထဲကနေ ထိုင်ရာမထ တစ်ကမ္ဘာလုံးနဲ့ ဆက်သွယ်နိုင်နေပါပြီ။ ဖုန်းပေါ်ကနေ လူချင်းတွေ့နိုင်ပါပြီ။ သတင်းနဲ့အချက်အလက်တွေ အဆက်မပြတ်စီးဆင်းပြီး သတင်းတွေပေါက်ကွဲနေလို့ လိုချင်တဲ့သတင်းနဲ့ အချက်အလက်တွေကို အချိန်နဲ့အမျှ သိနိုင်၊ ယူနိုင်နေပါပြီ။ သတင်းနဲ့အချက်အလက်စီးဆင်းမှုတွေ အားကောင်းလာတာနဲ့အမျှ ကိုယ့်ဆီရောက်လာတဲ့ သတင်းတွေထဲမှာ မှန်တဲ့သတင်း၊ မမှန်တဲ့သတင်းတွေ ရောနှောပါလာနေပါတယ်။

သတင်းအမှား၊ သတင်းအတုတွေ ပါလာတဲ့ ဘေးထွက်ပြဿနာကို ဒီကနေ့ နိုင်ငံတိုင်းလိုလိုမှာ ကိုင်တွယ်ဖြေရှင်းနေကြရပါတယ်။ ဥပမာအားဖြင့် အင်တာနက်ပေါ်က သတင်းအမှား၊ သတင်းအတုတွေကြောင့် မကြာသေးတဲ့နှစ်များအတွင်းက အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံများစွာက နိုင်ငံရေးမဲဆွယ်ပွဲတွေနဲ့ ရွေးကောက်ပွဲရလဒ်တွေအပေါ်ကို ကြီးကြီးမားမား အကျိုးသက်ရောက်ခဲ့ပါတယ်။

## တိုးမြင့်လာသော လူမှုကွန်ရက်၏အခန်းကဏ္ဍ

လူတိုင်းရဲ့နေ့စဉ်ဘဝမှာ သတင်းနဲ့နည်းပညာ၊ အင်တာနက်နဲ့ လူမှုကွန်ရက်တွေဟာ တဖြည်းဖြည်းနဲ့ ပိုမိုအသုံးဝင်လာတာကြောင့် သုံးစွဲမှုတွေဟာလည်း တိုးတက်လို့နေပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ မိုဘိုင်းဆက်သွယ်မှုအနေနဲ့ လူဦးရေအားလုံးရဲ့ ၁၂၆ ရာခိုင်နှုန်း ရှိခဲ့ပေမယ့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ ၁၂၇ ဒသမ ၂

**သတင်းအမှားပြန့်ပွားတာကို လျှော့ချဖို့ နည်းလမ်းတွေထဲမှာ သတင်းအမှန်တွေ အချိန်နဲ့တစ်ပြေးညီ လူထုအတွင်းရောက်ရှိစေခြင်းလည်း ပါဝင်ပါတယ်။ တိကျမှန်ကန်တဲ့သတင်းတွေကို အချိန်မီ မထုတ်ပြန်နိုင်သရွေ့ သတင်းအမှားတွေ၊ ထင်မြင်ချက်တွေ၊ ယူဆချက်တွေ၊ ခန့်မှန်းချက်တွေဆိုတာ ထွက်ပေါ်လာနေမှာပဲဖြစ်ပါတယ်။ အထူးသဖြင့် အခုလို နိုင်ငံရေး၊ ကျန်းမာရေး၊ စီးပွားရေးအကျပ်အတည်းကာလမှာ တိကျတဲ့သတင်းတွေ၊ မှန်ကန်တဲ့သတင်းတွေ လိုနေပါတယ်။ အထူးသဖြင့် လူထုအနေနဲ့ကတော့ သတင်းရရှိဖို့လွယ်ကူတဲ့ လူမှုကွန်ရက်ကနေ သူတို့လိုအပ်တဲ့သတင်းတွေကို ရယူနေကြတာကြောင့် သတင်းအမှားဖြန့်လိုသူတွေက ဒီအခွင့်အရေးကို အသုံးချနေကြဦးမှာပါ။ ဒါ့ကြောင့် သတင်းအမှန်တွေ အချိန်နဲ့တစ်ပြေးညီ မရနိုင်သရွေ့ လူမှုကွန်ရက်မှာ သတင်းအမှားတွေ ပြန့်နေပါလိမ့်ဦးမယ်။**

ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလက အင်တာနက် သုံးစွဲသူပေါင်း ၂၃ ဒသမ ၆၅ သန်း ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ် နဲ့ ၂၀၂၂ ခုနှစ်အကြား အင်တာနက်သုံးစွဲသူအရေအတွက် ၂ ဒသမ ၅ သန်းခန့် (၁၂ ရာခိုင်နှုန်း) တိုးတက်လာခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ အင်တာနက် ထိုးဖောက်နိုင်မှုအနေနဲ့ ၄၃ ဒသမ ၃ ရာခိုင်နှုန်း ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ်နဲ့ နှိုင်းယှဉ်ရင်များစွာတိုးတက်လာပါတယ်။

လူမှုကွန်ရက်အသုံးပြုမှုအနေနဲ့ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ ၂၉ သန်းရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်က ၂၂ သန်းပဲ ရှိပါတယ်။ တစ်နှစ်အတွင်း ခုနစ်သန်းလောက် တိုးတက်လာတာတွေ့ရပါတယ်။ လူမှုကွန်ရက် အသုံးပြုတာ တိုးတက်မှုအနေနဲ့ ၂၀၂၀ နဲ့ ၂၀၂၂ အကြားမှာ ၃၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။ ယခင်နှစ်က ၆ ဒသမ ၆ ရာခိုင်နှုန်းပဲ တိုးတက်ခဲ့တာပါ။ လူမှုကွန်ရက်အသုံးပြုသူပေါင်းအနေနဲ့ မြန်မာနိုင်ငံလူဦးရေရဲ့ ၅၃ ဒသမ ၁ ရာခိုင်နှုန်းနဲ့ ညီမျှပါတယ်။ ၂၀၂၀ ဇန်နဝါရီလက ၄၁ ရာခိုင်နှုန်းပဲ ရှိခဲ့ပါတယ်။

ဒီစာရင်းတွေကိုကြည့်ရင် မြန်မာနိုင်ငံမှာ တိုးမြင့်လာတဲ့ လူမှုကွန်ရက်ရဲ့အခန်းကဏ္ဍကို တွေ့ရပါလိမ့်မယ်။ လူမှုကွန်ရက် အသုံးပြုတဲ့သူအရေအတွက် တိုးမြင့်လာတာနဲ့အမျှ တစ်ဦးချင်းအတွက်ပဲဖြစ်ဖြစ်၊ နိုင်ငံအတွက်ပဲဖြစ်ဖြစ် တိုးတက်မှုတွေ ရရှိလာတာအမှန်ပဲဖြစ်ပါတယ်။ နည်းပညာအခြေခံတဲ့ နိုင်ငံတည်ဆောက်ဖို့ဆိုရင် ဆက်လက်ပြီး နည်းပညာတွေ မရှိမဖြစ်လိုအပ်နေဦးမှာပါ။ အခြားတစ်ဖက်မှာတော့ လူမှုကွန်ရက်ကို အသုံးပြုတာ များပြားလာနေတာနဲ့အတူ အလွဲအသုံးပြုလာကြတာဟာလည်း လူထုအတွင်း နက်နက်ရှိုင်းရှိုင်း ထိုးဖောက်နေတာမို့ ဒါကို ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်လာပါတယ်။

## လူမှုရေးတာဝန်ယူမှု

သတင်းနဲ့ အချက်အလက်နည်းပညာတိုးတက်မှုဟာ ဒင်္ဂါးပြားတစ်ခုရဲ့ ဘက်နှစ်ဖက်လိုပါပဲ။ ကောင်းကျိုး၊ ဆိုးကျိုးတွေရောယှက်နေပါတယ်။ နည်းပညာတွေတိုးတက်လာတာကြောင့် သတင်းအချက်အလက်တွေ မြန်မြန်ဆန်ဆန်ရရှိလာတာနဲ့အတူ သတင်းတု၊ သတင်းအမှားတွေ ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားလာနေတာတွေကြောင့် အဓိကရုဏ်းတွေ၊ အွန်လိုင်းအနိုင်ကျင့်မှုတွေ၊ ကလေးသူငယ် ညစ်ညမ်းပုံတွေလည်း လွယ်လွယ်ကူကူဖြစ်ပွားနေတာ တွေ့ရပါတယ်။

သတင်းနည်းပညာနဲ့ အင်တာနက်တွေဟာ ကျွန်တော်တို့ဘဝတွေရဲ့ အစိတ်အပိုင်းအားလုံးနီးပါးကို လျင်လျင်မြန်မြန် ပြောင်းလဲစေရာမှာ တချို့က ပိုမိုကောင်းလာသလို တချို့ကလည်း ပိုမိုဆိုးလာပါတယ်လို့ အမေရိကန်နိုင်ငံက ရုပ်သံစီစဉ်ထုတ်လုပ်သူ John Landgraf က ဆိုခဲ့ပါတယ်။ ဒါကြောင့် ဖြစ်လာတဲ့ ဘေးထွက်ဆိုးကျိုးတွေကို နည်းပညာပိုင်းဆိုင်ရာကဏ္ဍတစ်ခုတည်းနဲ့ လျှော့ချဖို့ခက်ခဲနိုင်တာမို့ တစ်ချိန်တည်းမှာပဲ လူမှုအဖွဲ့အစည်းအတွင်း လူမှုရေးတာဝန်ယူမှုတွေ စဉ်ဆက်မပြတ် တိုးတက်လာအောင် ပညာပေးအစီအစဉ်တွေ၊ လူထုလှုပ်ရှားမှုတွေ လုပ်ဆောင်နေကြပါတယ်။

## ခေတ္တဆိုင်း လူထုလှုပ်ရှားမှု

ကိုဗစ်-၁၉ ကာလအတွင်း ဖြစ်ပွားနေတဲ့ သတင်းမှားတွေ ပျံ့နှံ့နေတာကို ကိုင်တွယ်ဖြေရှင်းဖို့ ၂၀၂၀ ပြည့်နှစ်မေလက ကုလသမဂ္ဂက Verified initiative အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီအစီအစဉ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ Pause Campaign ဟာဆိုရင် လူမှုဘဝတွေကို ခြိမ်းခြောက်နေတဲ့ သတင်းမှားပျံ့နှံ့မှုကျဆင်းအောင်ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေတယ်လို့ ကုလသမဂ္ဂက ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့က သတင်းထုတ်ပြန်ခဲ့ပါတယ်။

သတင်းအမှားတွေ လူထုအတွင်း စိမ့်ဝင်ရာမှာ မူလဖြန့်ဝေသူဟာ ရည်ရွယ်ချက်ရှိရှိနဲ့ ဖြန့်ဝေကြပေမယ့် အဲဒီသတင်းအမှားတွေကို ထပ်ပြီးဖြန့်ဝေသူတွေထဲမှာ ရည်ရွယ်ချက်ရှိသူတွေ၊ မစဉ်းစားမဆင်ခြင်ဘဲ ဖြန့်ဝေနေသူတွေ၊ သူများရှယ်လို့ ရှယ်နေသူတွေ၊ လူသိများအောင် လုပ်နေတဲ့သူတွေ စသည်ဖြင့် အမျိုးမျိုးရှိနေပါတယ်။

စာမျက်နှာ ၇ သို့ ❍

**လူမှုကွန်ရက်မှာတွေ့တဲ့ သတင်းဖြစ်ဖြစ်၊ ကိုယ့်ဆီရောက်လာတဲ့ သတင်းဖြစ်ဖြစ် ချစ်ခြင်းမုန်းခြင်း၊ သူ့ဘက်ကိုယ့်ဘက်၊ စိတ်ခံစားချက်တွေနဲ့ မဆုံးဖြတ်၊ မဖြန့်ဝေကြဖို့ လိုပါတယ်။ ကိုယ်တွေ့တဲ့ သတင်းတစ်ပုဒ်ကို သတင်းရဲ့မူလရင်းမြစ်၊ ယုံကြည်ရမှု အဆင့်အတန်း၊ သတင်းတိကျမှုမစိစစ်ဘဲ လက်လွတ်စပယ်ရှယ်ခြင်း၊ ကူးပြီးဖြန့်ဝေခြင်းထက် အဲဒီသတင်းကို မဖြန့်ဝေခင် ခေတ္တဆိုင်းပြီး စိစစ်ကြမယ်ဆိုရင် ကိုယ်ကိုယ်တိုင်က အသုံးချခံရသူ ဒါမှမဟုတ် သတင်းအမှားဖြန့်ဝေသူအဖြစ်က ရှောင်ရှားနိုင်သလို သတင်းအမှားပျံ့နှံ့နိုင်မှုကိုလည်း လျှော့ချနိုင်ပါလိမ့်မယ်။**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ရန်ဆန္ဒရှိသည့် စေတနာ့ဝန်ထမ်းများ ဆက်သွယ်နိုင်

**မန္တလေး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ များပြားလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများအတွက် မန္တလေးခရိုင်အတွင်း ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများ၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ရန်ဆန္ဒရှိသည့် စေတနာ့ဝန်ထမ်းများအနေဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သက်ဆိုင်ရာမြို့နယ် စီမံခန့်ခွဲမှုအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

"ပရဟိတလုပ်ငန်းဆိုတာ အများအကျိုးအတွက်ဦးစားပေးပြီး လုပ်တာပါ။ အခုလိုကာလမျိုးမှာ ပိုပြီးအရေးကြီးပါတယ်။ အသက်အန္တရာယ်နီးစပ်တယ်။ အချိန်မရွေးရောဂါကူးစက်နိုင်တာတွေကို အရေးမမှုဘဲ အများအကျိုးအတွက် ဆောင်ရွက်လိုသူတွေရှိတယ်။ မိမိစိတ်ဆန္ဒအလျောက် ပါဝင်ချင်တဲ့ဆန္ဒရှိရင် အသက်အရွယ်မရွေး ဆောင်ရွက်နိုင်ပါတယ်။ ခရိုင်အတွင်း ဆေးရုံနဲ့ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွေမှာ လိုအပ်တဲ့နေရာတွေမှာ ဖြည့်တင်းဆောင်ရွက်သွားမှာပါ။ တာဝန်မထမ်းဆောင်ခင်နဲ့ တာဝန်ထမ်းဆောင်ပြီးသွားတဲ့အခါ စေတနာ့ဝန်ထမ်းတွေကို လိုအပ်တဲ့ကျန်းမာရေးဆေးစစ်မှုတွေ လုပ်ပေးသွားမှာပါ"ဟု မန္တလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက ပြောသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများ၊ အသွားအလာကန့်သတ်ထားရှိသောနေရာများတွင် ပရဟိတစိတ်ရှိသူများအားလုံး တစ်ဦးချင်းသို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန် မေတ္တာရပ်ခံပန်ကြားထားကြောင်း သိရသည်။

" မိမိဆန္ဒအလျောက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ ဆက်သွယ်လာတဲ့ စေတနာ့ဝန်ထမ်းတွေကိုလည်း စုဆောင်းပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ရောဂါနဲ့ပတ်သက်ပြီး ရှောင်ရှားရမယ့် သိသင့်သိထိုက်တာတွေကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူနဲ့ ကျွမ်းကျင်တဲ့သူတွေက သင်ကြားပြသပေးသွားမှာပါ။ ပြည်သူတွေရဲ့ကျန်းမာရေးနဲ့ အသက်အန္တရာယ်ပါ ခြိမ်းခြောက်နေတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကာကွယ်ထိန်းချုပ်ရေးနဲ့ ကုသရေးလုပ်ငန်းတွေမှာ စိတ်ရောကိုယ်ပါ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးချင်တဲ့ ဆန္ဒရှိသူ မည်သူမဆို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**ထိုးနှံပေးလျက်ရှိ**

မန္တလေးတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများ၊ ကန့်သတ်စောင့်ကြည့်ရေးစင်တာများ ဖွင့်လှစ်ကုသပေးလျက်ရှိသည့်အပြင် မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက်ရှိသူ အဘိုး အဘွားများနှင့် ကိုဗစ်ကုသရေးစင်တာများမှ စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇူလိုင် ၂၅ ရက်မှစ၍ သက်ဆိုင်ရာမြို့နယ်များရှိ ကာကွယ်ဆေးထိုးအုပ်စုနေရာများတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

■

**❒ ကိုဗစ်-၁၉ မှ**

ထိုသို့ဆောင်ရွက်ရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၄၈၉၆ ခု၊ Test Kit ၉၀၀ အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း၊ ကျိုင်းတုံ၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် တစ်စီးဖြင့် ၁၈ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၂၁ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၅၃၉၉ ခု၊ နှာခေါင်းစည်း ကိုးတန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၂၉ ခုမှ ယာဉ်အစီးရေ ၅၅ စီးဖြင့် တင်သွင်းလာခြင်းဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှ ၃၀ ရက်အထိ ယာဉ်အစီးရေ ၆၉၂ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser)ယာဉ်ဖြင့် ၆၈၈ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၅၅၆ တန်၊ အောက်ဆီဂျင်ခါတ်ငွေ့(အိုးဖြင့်) ၁၁၄ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၅၉၂၇၄ ခု၊ Test Kit ၃၀၆၉၇၈ ခု၊ နှာခေါင်းစည်း ၉၆၃ တန်၊ Oxygen Plant ခြောက်ခု၊ Oxygen Generator ၁၁ ခု တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

**စီစဉ်ဆောင်ရွက်ပေးထား**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံများနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**







**❍ စာမျက်နှာ ၆ မှ**

အများအားဖြင့်ကတော့ ကိုယ့်ဆီရောက်လာတဲ့ သတင်းတစ်ပုဒ်ကို မှန်နိုင်/ မမှန်နိုင်၊ ကျိုးကြောင်းဆီလျော်မှုရှိ/မရှိ စိစစ်မှုနည်းကြပါတယ်။ ဥပမာအားဖြင့် ဤပို့စ်ကိုမရှယ်ပါက ဘေးဒုက္ခရောက်နိုင်သည်ဆိုတဲ့ ပို့စ်တွေကို လှိုင်လှိုင်ကြီးဖြန့်ဝေနေတာကိုကြည့်ရင် သတင်းအမှားတွေဖြန့်ဝေဖို့ ဘယ်လောက်လွယ်ကူသလဲဆိုတာ ခန့်မှန်းနိုင်ပါတယ်။ ဒါကြောင့်လည်း သတင်းအမှားဖြန့်ဝေလိုသူတွေဟာ မစဉ်းစားမဆင်ခြင်ဖြန့်ဝေသူတွေကို အသုံးချပြီး ဖြန့်ဝေနိုင်တာဖြစ်ပါတယ်။

သတင်းအမှားတစ်ပုဒ်ဖြန့်ဝေဖို့ မူရင်းတင်သူက တစ်ဦးပဲဖြစ်ပေမယ့် ဆက်ပြီးဖြန့်ဝေသူတွေကတော့ အများအပြားရှိနေတာကြောင့် သတင်းအမှားတွေဟာ အချိန်တိုအတွင်း လူထုအတွင်း စိမ့်ဝင်ထိုးဖောက်နေပါတယ်။ ဒီလိုသတင်းမှားတွေ ဆက်လက်မပြန့်ဖို့ဖြေရှင်းရာမှာ ကုလသမဂ္ဂက အကောင်အထည်ဖော်နေတဲ့ Pause Campaign လို ပို့စ်တစ်ခု၊ သတင်းတစ်ခုကို မရှယ်ခင်ခေတ္တဆိုင်းပြီး သတင်းမှန်/မမှန် စိစစ်ဖို့၊ စဉ်းစားဆင်ခြင်ကြဖို့ လိုအပ်ပါတယ်။

လူမှုကွန်ရက်မှာတွေ့တဲ့ သတင်းဖြစ်ဖြစ်၊ ကိုယ့်ဆီရောက်လာတဲ့ သတင်းဖြစ်ဖြစ် ချစ်ခြင်းမုန်းခြင်း၊ သူ့ဘက်ကိုယ့်ဘက်၊ စိတ်ခံစားချက်တွေနဲ့မဆုံးဖြတ်၊ မဖြန့်ဝေကြဖို့ လိုပါတယ်။ ကိုယ်တွေ့တဲ့ သတင်းတစ်ပုဒ်ကို သတင်းရဲ့ မူလရင်းမြစ်၊ ယုံကြည်ရမှု အဆင့်အတန်း၊ သတင်းတိကျမှု မစိစစ်ဘဲ လက်လွတ်စပယ်ရှယ်ခြင်း၊ ကူးပြီးဖြန့်ဝေခြင်းထက် အဲဒီသတင်းကို မဖြန့်ဝေခင် ခေတ္တဆိုင်းပြီး စိစစ်ကြမယ်ဆိုရင် ကိုယ်ကိုယ်တိုင်က အသုံးချခံရသူ ဒါမှမဟုတ် သတင်းအမှားဖြန့်ဝေသူအဖြစ်က ရှောင်ရှားနိုင်သလို သတင်းအမှားပျံ့နှံ့နိုင်မှုကိုလည်း လျှော့ချနိုင်ပါလိမ့်မယ်။

**သတင်းအမှန်တွေလို**

သတင်းအမှားပြန့်ပွားတာကိုလျှော့ချဖို့ နည်းလမ်းတွေထဲမှာ သတင်းအမှန်တွေ အချိန်နဲ့တစ်ပြေးညီ လူထုအတွင်း ရောက်ရှိစေခြင်းလည်း ပါဝင်ပါတယ်။ တိကျမှန်ကန်တဲ့ သတင်းတွေကို အချိန်မီ မထုတ်ပြန်နိုင်သရွေ့ သတင်းအမှားတွေ၊ ထင်မြင်ချက်တွေ၊ ယူဆချက်တွေ၊ ခန့်မှန်းချက်တွေဆိုတာ ထွက်ပေါ်လာနေမှာပဲဖြစ်ပါတယ်။ အထူးသဖြင့် အခုလို နိုင်ငံရေး၊ ကျန်းမာရေး၊ စီးပွားရေးအကျပ်အတည်းကာလမှာ တိကျတဲ့သတင်းတွေ၊ မှန်ကန်တဲ့သတင်းတွေ လိုနေပါတယ်။ အထူးသဖြင့် လူထုအနေနဲ့ကတော့ သတင်းရရှိဖို့လွယ်ကူတဲ့ လူမှုကွန်ရက်ကနေ သူတို့လိုအပ်တဲ့ သတင်းတွေကို ရယူနေကြတာကြောင့် သတင်းအမှားဖြန့်လိုသူတွေက ဒီအခွင့်အရေးကို အသုံးချနေကြဦးမှာပါ။ ဒါကြောင့် သတင်းအမှန်တွေ အချိန်နဲ့တစ်ပြေးညီ မရနိုင်သရွေ့ လူမှုကွန်ရက်မှာ သတင်းအမှားတွေ ပြန့်နေပါလိမ့်ဦးမယ်။

**လူမှုကွန်ရက်သားကောင်မဖြစ်ဖို့**

သတင်းအမှားပြန့်ပွားတာဟာ အခြေအနေ၊ အချိန်အခါနဲ့ သတင်းအတိမ်အနက်အလိုက် အန္တရာယ်ပေးနိုင်တဲ့ပမာဏလည်း ကွာခြားတတ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ သတင်းအမှားတွေကြောင့် အသက်ဆုံးရှုံးရတဲ့ ဖြစ်ရပ်တွေကိုလည်း တွေ့နေရပါတယ်။ အခြားနိုင်ငံရေး၊ စီးပွားရေးတွေမှာလည်း အလားတူပါပဲ။

ဒီတော့ သတင်းအမှားတွေ ကိုယ့်ဆီကနေမပြန့်အောင်ဆိုရင် ကိုယ်ကိုယ်တိုင်က လူမှုကွန်ရက်ရဲ့ သားကောင်မဖြစ်ဖို့ ဆင်ခြင်ကြရမှာပါ။ ကိုယ့်ဆီရောက်လာတဲ့ သတင်းမှန်သမျှကို လက်လွတ်စပယ်ရှယ်တာ၊ ကူးပြီးပြန်တင်တာတွေ မလုပ်ခင် ခေတ္တဆိုင်းပြီး စိစစ်ကြမယ်ဆိုရင် လူမှုကွန်ရက်သားကောင်အဖြစ်မှ ရှောင်ရှားနိုင်မှာဖြစ်သလို အခြားသူတွေကိုလည်း အဲဒီအန္တရာယ်က လွတ်ကင်းစေပါလိမ့်မယ်။ ။

# စွယ်စုံရစာပေပညာရှင် ပင်ကိုရေးစာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း

ရွှေကျော်(စာပေဗိမာန်)

ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း (စည်သူ ဦးကြည်အေး) အကြောင်းကို ဆောင်းပါးရေးမည် ဆိုသောအခါ ဆရာကြီးကဲ့သို့ စွယ်စုံရစာပေပညာရှင်ကြီးအကြောင်းကို ပြည့်ပြည့်စုံစုံရေးနိုင်ပါ့မလား ဟု မဝံ့မရဲဖြစ်မိပါသည်။ သို့သော် ထိုတာဝန်ကို ဂုဏ်ယူနှစ်သက်မဆုံးဖြစ်ရကာ မြန်မာမှု၊ မြန်မာဓလေ့၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်းကြောင်းကို ထုံးလိုချေ၊ ရေလိုနှောက် ပင်ကိုရေးစာရေးဆရာကြီး အသက် ၉၃ နှစ်အရွယ် ဆရာကြီးကို နေထိုင်ရာအိမ်သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်တွေ့ဆုံဦးခိုက်ကန်တော့လိုခဲ့သည်။ အခွင့်သာသည်နှင့် ဆရာကြီး၏ လမ်းညွှန်ပဲ့ပြင်မှု၊ ဆိုဆုံးမဩဝါဒကို ခံယူကာ ဆရာကြီးအကြောင်းကို မိမိတို့လူငယ်များအတွက် အတုယူစရာအချက်အလက်များ စုံလင်အောင်ရေးမည်ဟု ကျွန်မစိတ်သန္ဓာန်တွင် အားခဲထားခဲ့သည်။ ယင်းမှာ အချည်းနှီးဖြစ်ခဲ့ရပြီ။ ထိုသည်မှာ ၁၅-၇-၂၀၁၂ ရက်တွင် ဆရာကြီး ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိလိုက်ရသည့် ဝမ်းနည်းဖွယ်သတင်းကြောင့် ဖြစ်ပါသည်။ ကျွန်မ ဝမ်းနည်းကြီးစွာ ဖြေမဆည်နိုင်ဖြစ်ရ၏။

### ဆရာကြီး၏ဘဝရုပ်ပုံလွှာ

ဆရာကြီးကို ဖခင် လယ်သမားကြီး ဦးရွှေစံနှင့် မိခင် ဒေါ်ငွေစင်တို့က ၁၂၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်) တွင် မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ရွာသစ်ကြီးကျေးရွာ၌ မွေးဖွားခဲ့သည်။ မွေးချင်းလေးဦးအနက် တတိယမြောက်သားဖြစ်သည်။ အမည်ရင်းမှာ ဦးကြည်အေးဖြစ်သည်။ မိဘများမှာ မင်းမှုထမ်းမျိုးရိုးဖြစ်သည်။ ဆရာကြီးသည် အညာဒေသ၌ ပညာရှာမှီးရာတွင် ဒုတိယကမ္ဘာစစ်မတိုင်မီက ဆင်ဖြူကျွန်း ဒိစတြိတ်ကောင်စီ အထောက်အပံ့ခံမူလတန်းကျောင်း၊ ဆင်ဖြူကျွန်း ဦးဖိုးသိန်း အလယ်တန်းကျောင်းတို့တွင် မူလတန်းနှင့် အလယ်တန်းပညာများ သင်ကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းတွင် ဆင်ဖြူကျွန်း ဆရာနွယ် အထက်တန်းကျောင်း၌ အထက်တန်းပညာ သင်ယူခဲ့၏။ ၁၉၄၄ ခုနှစ်တွင် ခုနစ်တန်းစာမေးပွဲ၊ ရှစ်တန်းစာမေးပွဲ အောင်မြင်ခဲ့ပြီးနောက် ကိုးတန်းပညာကို ဆက်လက်ဆည်းပူးသင်ယူနေစဉ် စစ်ရေးလှုပ်ရှားလာ၍ ကျောင်းများပိတ်လိုက်သောကြောင့် ပညာရေးရပ်နားလိုက်ရသည်။ ထို့နောက် ၁၉၄၉ ခုနှစ်တွင် အညာသားစစ်စစ် ဆရာကြီးသည် မလျှော့သောဇွဲလုံ့လဖြင့် ဆက်လက်ပညာသင်ကြားနိုင်ရန် ရန်ကုန်မြို့ရှိ ဂွတ္တာလစ် ကျောင်းသားဂုဏ်ရည်အလွတ်ပညာသင်ကျောင်း၌ ပညာရှာမှီးခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ထိုကျောင်း၌ပင် အထက်တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ ထိုနှစ်တွင်ပင် မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သူ ဒေါ်တင်ဥနှင့် အကြောင်းပါခဲ့ပြီး သားသမီးလေးဦး ထွန်းကားခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အရှေ့ ၇ ရပ်ကွက်တွင်နေထိုင်၍ စာပေများ ရေးသားခဲ့သည်။

### စာပေနှင့် မွေ့လျော်လာပုံ

ဆရာကြီး အလယ်တန်းပညာသင်ယူခဲ့သည့် ဆင်ဖြူကျွန်း မြောက်ပိုးတန်းအစိုးရအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးသန်းအောင်သည် အတန်းပညာထူးချွန်သူများအား ဆုချီးမြှင့်သည့် အလေ့အထတစ်ခုအဖြစ် မှတ်သားဖွယ်စာအုပ်စာစောင်များ ချီးမြှင့်ခဲ့ရာ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းသည် စာတော်သူဖြစ်သဖြင့် မကြာခဏ ဆုချီးမြှင့်ခြင်းခံခဲ့ရကာ စာအုပ်များလက်ခံရရှိခဲ့သည်။ ထိုစာအုပ်စာစောင်များကို ဖတ်ရှုခြင်းမှစ၍ စာပေကိုစိတ်ဝင်စားလာခဲ့သည်။ ထို့ကြောင့် ဆရာဦးသန်းအောင်၏ စာပေချီးမြှင့်မှုမှတစ်ဆင့် ဆရာကြီးသည် စာပေနှင့် ကျွမ်းဝင်လာကာ စာပေဝါသနာပါလာခဲ့ပြီး ၁၉၄၂ ခုနှစ်မှစ၍ ပိုမိုဖတ်ရှုလေ့လာခဲ့သည်။ ထိုသို့ပင် စာဖတ်သူများ ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း သူတစ်ပါးရေးသားထားသည့် စာများကို ဖတ်ရှုရပြီး ကိုယ်တိုင်စာရေးသားချင်စိတ်ဖြစ်ပေါ်လာကာ စတင်စာရေးသားခဲ့သည်။ ရှေးဦးကလောင်အမည် 'ရွှေဇင်' ကို ဖခင်၏အမည်မှ



ပထမစာလုံးနှင့် မိခင်၏အမည်မှ ဒုတိယစာလုံး အသံကိုယူ၍ မှည့်ခေါ်ခဲ့ပြီး ပထမဆုံးအနေဖြင့် 'တိုင်းသစ်ဂျာနယ်' ၌ 'တို့လယ်တော' ကဗျာကို စတင်ရေးသားခဲ့သည်။ ထိုကလောင်ဖြင့် ၁၉၅၀-၅၂ ခုနှစ်အထိ တစ်နှစ်ခန့်ကြာအောင် ကဗျာများ ရေးသားခဲ့သည်။ ယင်းနောက် ဗလစလူငယ်ဂျာနယ်၊ ဗမာပြည်လွတ်လပ်ရေး အမျိုးသမီးများအစည်းအရုံး (ဗ.လ.မ.စ) အမျိုးသမီးမဂ္ဂဇင်းနှင့် ဆန်းသစ်ဦးမဂ္ဂဇင်းတို့တွင် ကဗျာများ ဆက်လက်ရေးသားခဲ့သည်။ သွေးသောက်မဂ္ဂဇင်းတွင် ဖော်ပြခံရသည့် ပြိုင်ပွဲဆုရ 'နှောင်ရစ်မြေခြာ' သည် ရှေးဦးစာညွှန့်ဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် ဆင်ဖြူကျွန်းအောင်သိန်း ကလောင်ကို စတင်အသုံးပြု၍ ကဗျာများ ရေးသားခဲ့ပြီး ထိုနှစ်တွင် 'သွေးသောက်မဂ္ဂဇင်း' ၌ ပထမဆုံးဝတ္ထုတို 'စွပ်ကျယ်' ဖော်ပြခြင်းခံခဲ့ရသည်။ ၁၉၅၇ ခုနှစ်တွင် ရေးသားခဲ့သည့် စာပန်းချီပုံနှိပ်တိုက်ထုတ် 'လွမ်းယမုံဦး' ဝတ္ထုမှာ ပထမဦးဆုံး လုံးချင်းဝတ္ထုဖြစ်သကဲ့သို့ စာပေဗိမာန်က ထုတ်ဝေသည့် စပ်ပန်းချီမိတ်ဆက်(၁၉၈၂) စာအုပ်မှာ ဦးဆုံးသုတစာအုပ်ဖြစ်သည်။

### စာပေခရီးလမ်း

မြေပြင်ပစ် အမြောက်ကြီးတပ်ရင်း-၁ ၌ တပ်သားအဖြစ် ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၃ ခုနှစ်အထိ အမှုထမ်းခဲ့သည်။ ယင်းနောက် ဆရာကြီးသည် စာရေးသားခြင်းအပြင် ၁၉၅၇-၅၈ ခုနှစ်တွင် 'ရုပ်ရှင်ပဒေသာ' မဂ္ဂဇင်း၊ ၁၉၅၈-၅၉ ခုနှစ်တွင် 'ရုပ်ရှင်လောက' မဂ္ဂဇင်း၊ 'ယနေ့ရုပ်ရှင်' ဂျာနယ်နှင့် 'နတ်သျှင်နောင်' မဂ္ဂဇင်းတို့၌ တာဝန်ခံအယ်ဒီတာအဖြစ် လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် 'တံခွန်' ဂျာနယ်၌ အယ်ဒီတာအဖွဲ့ဝင်နှင့် ၁၉၆၄-၆၅ ခုနှစ်တွင် 'ကာနယ်ဇင်း' မဂ္ဂဇင်း၌ တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရုပ်ရှင်နယ်ပယ်သို့ စတင်ဝင်ရောက်ခဲ့ပြီး ရုပ်ရှင်ဒါရိုက်တာ အောဝမ်းညွှန့်မောင်ထံမှ ရုပ်ရှင်ပညာသင်ယူခဲ့သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ရုပ်ရှင်ဇာတ်လမ်း မှတ်တမ်းတင်သူ၊ တွဲဖက်ဒါရိုက်တာ စသည်ဖြင့် ရုပ်ရှင်နယ်ပယ်တွင် ကျင်လည်ခဲ့သည်။ နောက်ပိုင်းတွင် စာပေရေးသားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်ကို ဘဝတစ်ခုလုံး နှစ်မြှုပ်လုပ်ကိုင်ခဲ့သည်။

ဆရာကြီးသည် ၁၉၈၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး စာပေလုပ်သားအဖွဲ့တွင် အမှုဆောင်ကော်မတီဝင်၊ သာကေတမြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာစာပေကလပ်၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံ စာပေဝါသနာရှင်အဖွဲ့၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) စသည့် အဖွဲ့အစည်းများတွင် စာပေဆိုင်ရာလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၉ သို့ ☆

- **ဆရာကြီးသည် ကလောင်ခွဲပေါင်း ၂၀ ကျော်ဖြင့် မြဝတီ၊ ရှုမဝ၊ သွေးသောက်၊ စုံထောက်ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ရှင်အမြုတေ၊ စာပေဂျာနယ်မဂ္ဂဇင်းပေါင်းများစွာနှင့် စာနယ်ဇင်းမျိုးစုံတို့တွင် ရေးသားခဲ့သည်။ ရှေးဦးကလောင် ရွှေဇင်၊ ၁၉၅၂ ခုနှစ်မှစ၍ ဆင်ဖြူကျွန်းအောင်သိန်း၊ ဦးကြည်အေး၊ ဇင်အောင်၊ မင်္ဂလာချင်အောင်၊ ဦးအောင်သိမ်းမြတ်၊ ဦးသိန်းဇံ၊ ဆီညော်ချင်အောင်၊ စိုင်းချင်အောင် စသည့်အမည်များဖြင့် ကဗျာ၊ စကားပြေ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ ဆောင်းပါး စာပေမျိုးစုံတို့ကို ရေးသားခဲ့သည်။**
- **ဆရာကြီးရေးသားခဲ့သည့် စာအုပ်အမျိုးအစားပေါင်း ၂၀၀ ကျော်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီးသည့်အပြင် ဝတ္ထု၊ ဆောင်းပါးပေါင်း ၃၀၀၀ ကျော်အထိ ရေးသားခဲ့သည်။**












✯ စာမျက်နှာ ၈ မှ

ဆရာကြီးသည် ကလောင်ခွဲပေါင်း ၂၀ ကျော်ဖြင့် မြဝတီ၊ ရှုမဝ၊ သွေးသောက်၊ စုံထောက်ဝတ္ထု မဂ္ဂဇင်း၊ ရုပ်ရှင်အမြုတေ၊ စာပေဂျာနယ်မဂ္ဂဇင်းပေါင်းများစွာနှင့် စာနယ်ဇင်းမျိုးစုံတို့တွင် ရေးသားခဲ့သည်။ ရှေးဦးကလောင် ရွှေဇင်၊ ၁၉၅၂ ခုနှစ်မှစ၍ ဆင်ဖြူကျွန်းအောင်သိန်း၊ ဦးကြည်အေး၊ ဇင်အောင်၊ မင်္ဂလာစျင်အောင်၊ ဦးအောင်သိမ်းမြတ်၊ ဦးသိန်းဇံ၊ ဆီညော်စျင်အောင်၊ စိုင်းစျင်အောင် စသည့် အမည်များဖြင့် ကဗျာ၊ စကားပြေ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ ဆောင်းပါး စာပေမျိုးစုံတို့ကို ရေးသားခဲ့သည်။ ဆရာကြီးရေးသားခဲ့သည့် စာအုပ်အမျိုးအစားပေါင်း ၂၀၀ ကျော်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီးသည့်အပြင် ဝတ္ထု၊ ဆောင်းပါးပေါင်း ၃၀၀၀ ကျော်အထိ ရေးသားခဲ့သည်။

ဆရာကြီး၏ထင်ရှားသော စာပေလက်ရာများအနက်မှ အချို့စာအုပ်များကို ပထမအကြိမ်ထုတ်ခုနှစ်များနှင့်တကွ ဖော်ပြရလျှင် လှိုင်း(၁၉၆၀)၊ လွမ်းသူရဲ့ပွဲ(၁၉၆၃)၊ ဂဠုန်ဆရာစံ(၁၉၆၅)၊ နေမင်းလမင်းသိန်းရာထောင်ပြဇာတ် (၁၉၆၅)၊ သွေးစွန်းသောလက်(၁၉၆၆)၊ မြစ်တို့၏သဘော(၁၉၆၆)၊ ခါးရောင်ကဖွေး (၁၉၆၇)၊ လယ်သမားသူပုန်(ပတွဲ-၁၉၆၈)၊ သတ်ရဲသည် သေရဲသည်(ဒုတွဲ-၁၉၆၉)၊ သူ့နိုင်ငံသား သံမှုန်စားပြီလား(တတွဲ-၂၀၁၁)နှင့် ရဲရဲတောက် တို့မြန်မာတွေ(စတွဲ-၂၀၁၁)၊ နီရဲသော




ဗိုလ်ဥတ္တမ(၁၉၇၀)၊ အကွပ်မဲ့တဲ့ကြမ်း ပရမ်းပတာ (၁၉၇၀)၊ ငရဲနိုင်ငံ (၁၉၇၄)၊ စပ်ပန်းချီမိတ်ဆက် (၁၉၈၂)၊ မြန်မာ့ထိုးကွင်းမင်ကြောင်ဓလေ့(၁၉၈၆)၊ ရိုးရာပုံပြင်စာပေစာတမ်းများ (ပတွဲ-၁၉၈၉)(ဒုတွဲ-၁၉၈၉)၊ ကျေးလက်ရိုးရာ မြန်မာမှုဓလေ့များ (ပတွဲ-၁၉၉၀)(ဒုတွဲ-၁၉၉၁)၊ ဇာတိမာန်စာပေစာတမ်းများ (ပတွဲ-၁၉၉၂)၊ အမေအဖေဝတ္ထုတိုများ(၂၀၀၃)၊ ပန်ချင်သူ ပျို့မောင်ထွေးငှဲ(ပတွဲ-၂၀၀၅)၊ နတ်မောက်သူပုန်တဲ့ဟေ့ (၂၀၀၉)၊ စံ၀-မိမေ့ဝတ္ထုတိုများ (၂၀၁၀)၊ မြင့်မြတ်သောစာတော်များ(၂၀၁၄)၊ မြေ၏ဇာတ်ဟောင်းအပါအဝင် လယ်ယာမြေနောက်ခံ မဂ္ဂဇင်းဝတ္ထုရှည်များ(၂၀၁၅)၊ ဝဲဂဏယက်မှာနဲ့လျှက်ချာချာလည်(၂၀၁၈)၊ ပုဏ္ဏကနှင့် ရသစုံဝတ္ထုများ(၂၀၁၉)၊ မြန်မာပြည်သား စကားအလှကြွယ် (၂၀၂၀)၊ အတွေးအမြင်စာဘုရင်(၂၀၂၀) စသည်တို့ဖြစ်ပါသည်။ စာပေထုတ်ဝေသူများက ဆရာကြီး၏ စာအုပ်အမြောက်အမြားကို အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေပေးလျက်ရှိသည်။

ဆရာကြီး၏ ဝတ္ထုများကို ဇာတ်လမ်းအသွင်ပြောင်း၍ ဒါရိုက်တာ ရှုမဝဦးကျော်၊ သရုပ်ဆောင် မောင်ယဉ်ထွေး၊ နွဲ့နွဲ့မူတို့ဖြင့် 'ပုဏ္ဏက' ဇာတ်ကား (၁၉၇၄) ဟူ၍လည်းကောင်း၊ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)၊ သရုပ်ဆောင် နေမင်း၊ စိုးမြတ်သူဇာ၊ ဆုမြတ်နိုးဦး၊ ဖြိုးရည်မျိုးတို့က 'ပန်ချင်သူ ပျို့မောင်ထွေးငှဲ' ရုပ်ရှင်(၂၀၁၇)ကိုလည်းကောင်း ရိုက်ကူးပုံဖော်ထားသည်။

ထို့ပြင် ရှုမဝမဂ္ဂဇင်းမှ မွေးဖွားပေးလိုက်သည့် ထင်ရှားသော ဇင်အောင်ကလောင်သည် စူးရှထက်မြက်ကာ အောင်မြင်လှသည်။ 'ငပွေးဗဟိုကော်မတီသို့ အစီရင်ခံပြီ' စသည့် ဘဝနိုင်ငံရေးနယ်ပယ်များအကြောင်း လှောင်ပြောင် ထေ့ငေါ့သော ဟာသအရေးအသားများပါဝင်သည့် ဝတ္ထုများဖြင့် တစ်ဟုန်ထိုးကျော်ကြားခဲ့ပြီး သရော်နှင့် ဟာသကို ပေါင်းစပ်ထားသည့် မုဆိုးရွှတ်ပေတလူ တောလုံးဆူ (၂၀၁၁) ဝတ္ထုမှာလည်း ဟာသမြောက်လှပေသည်။ 'ဦးကြောင် ဘီလူး'၊ 'မောင်ကျော်နွဲ့' သရော်ဝတ္ထုများအပြင် 'ဇာတ်မင်းသား မင်္ဂလာဇင်အောင်' ဝတ္ထုတို့သည် စာဖတ်သူများကို အကျိုးပြုနိုင်ပါ၏ ဟူ၍လည်းကောင်း၊ ဟာသစာပေနှင့်ပတ်သက်၍ 'ဟာသစာပေရေးသူရဲ့ အရည်အသွေးမှာ အဆင့်အတန်းရှိတဲ့ စာပေသမားတစ်ယောက်တွင် မဖြစ် မနေရှိရမယ့် အရည်အသွေးတွေအဖြစ် လောကကို ဆင်ခြင်သုံးသပ်တဲ့ အမြင်ရှိခြင်းဟာ ထူးခြားပါတယ်။ နစ်နစ်နာနာ ထိုးနှက်လိုတဲ့စိတ်ရှိနေရင် ချိုးနှိမ်သင့်ပါတယ်' ဟူ၍လည်းကောင်း ကနောင်ဂျာနယ်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဆရာကြီး ဖြေကြားထားသည်ကို မှတ်သားဖတ်ရှုရပါသည်။ ထိုကလောင်ဖြင့် ဆရာကြီးသည် ၁၉၉၂ ခုနှစ်တွင် စာပေဗိမာန်က ကျင်းပသည့် ဇာတိမာန်စာပေစာတမ်းများကဲ့သို့ စာတမ်းဖတ်ပွဲများတွင် စာတမ်းများဖတ်ကြားခဲ့သည့်အပြင် ၁၃၄၇ ခုနှစ် စာဆိုတော်လ အထိမ်းအမှတ်အဖြစ် မင်းဘူးမြို့၌ ကျင်းပသည့် စာပေဟောပြောပွဲများတွင်လည်း ဟောပြောခဲ့သည်။




**သမိုင်းတွင်ကျန်ရစ်သော စာပေများနှင့် ချီးမြှင့်ခံရသော ဂုဏ်ပြုဆုများ**

၁၉၅၃ ခုနှစ်မှစ၍ သွေးသောက်မဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုတိုများအဖြစ် ကိုဆေးရိုးဝတ္ထုတိုများကို စတင်ရေးသားဖော်ပြခဲ့သည်။ ထိုရေးသားဖော်ပြခဲ့သည့် ဝတ္ထုတိုများကို စုပေါင်း၍ ကိုဆေးရိုး(၁) (၁၉၆၃)၊ ကိုဆေးရိုး(၂) (၁၉၆၅)၊ ကိုဆေးရိုးဝတ္ထုတိုများ(၁၉၇၃)၊ ကိုဆေးရိုးဝတ္ထုတိုပေါင်းချုပ်(၄) (၁၉၉၀)၊ ကိုဆေးရိုးဝတ္ထုတို(၅) (၁၉၉၃)၊ ကိုဆေးရိုးဝတ္ထုတို(၆) (၁၉၉၆)၊ ကိုဆေးရိုးဝတ္ထုတို(၇) (၂၀၀၁)၊ ကိုဆေးရိုးဝတ္ထုတို(၈) (၂၀၀၁)၊ ကိုဆေးရိုးဝတ္ထုတို(၉)၊ ကိုဆေးရိုးဝတ္ထုတို(၁၀)၊ ကိုဆေးရိုးဝတ္ထုတို(၁၁) (၂၀၀၇) စသည့်အတွဲအားလုံးပါဝင်သည့် ကိုဆေးရိုးပေါင်းချုပ် (၂၀၀၉) ကို ပုဂံပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့သည်။ ထိုအတွဲများထဲမှ အမျိုးသားစာပေဆု(ဝတ္ထုတိုပေါင်းချုပ်ဆု)ကို ၁၉၉၀ ပြည့်နှစ်တွင် ကိုဆေးရိုးဝတ္ထုတိုပေါင်းချုပ်(၄) ဖြင့်လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ကိုဆေးရိုးဝတ္ထုတို(၆) ဖြင့်လည်းကောင်း ရရှိခဲ့သည်။

ဆက်လက်ပြီး ဆရာကြီးသည် ၁၉၉၈ ခုနှစ်တွင် အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှစာပေဆု (S.E.A Write Award) ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ထိုက်တန်စွာ ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထို့ပြင် ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ပထမအဆင့်) ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုကိုလည်းကောင်း ချီးမြှင့်ခြင်းခံခဲ့ရသည်။ စာအုပ်စာပေများကို စဉ်ဆက်မပြတ်ရေးသားထုတ်ဝေခဲ့ရာ ထိုစာအုပ်များထဲမှ ဝတ္ထုရှည်







အတွဲပေါင်း ရှစ်တွဲပါဝင်သည့် နေမင်းတစ်ထောင်ဝတ္ထုရှည် စာအုပ်ဖြင့် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆု သုံးထပ်ကွမ်း ထပ်မံရရှိခဲ့သည်။

နိုင်ငံတော်က ဘဝတစ်သက်တာလုံး စာပေရေးသား၍ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ပြီး စာပေလက်ရာအမြောက်အမြားကိုရေးသားပြုစုခဲ့သူ၊ သုတရသစာပေများစွာကို ရေးသားခဲ့သူ ဆရာကြီး ဆရာမကြီးများကို မြန်မာနိုင်ငံ၏ အမြင့်ဆုံးစာပေဆုဖြစ်သော အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်လျက်ရှိရာ ခုနစ်ဦးမြောက် တစ်သက်တာစာပေပညာရှင်ကြီးအဖြစ် ၂၀၀၇ ခုနှစ်တွင် ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း ဂုဏ်ယူဖွယ် ချီးမြှင့်ခြင်းခံခဲ့ရသည်မှာ မင်္ဂလာရှိလှသည့်သတင်း ဖြစ်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်က ဆရာကြီးအား စည်သူဘွဲ့ ထပ်မံပေးအပ် ချီးမြှင့်ခဲ့သည်။

**အမျိုးသားစာပေဆုရစာအုပ်များ**

ပထမအကြိမ် အမျိုးသားစာပေဆုရ ကိုဆေးရိုးဝတ္ထုတိုပေါင်းချုပ် (၄) နှင့်ပတ်သက်၍ ဆုရွေးချယ်ရေးအဖွဲ့ငယ်က 'ဆင်ဖြူကျွန်းအောင်သိန်း၏ ကိုဆေးရိုးဝတ္ထုတိုပေါင်းချုပ်(၄)တွင် သမ္မာရင့်စာရေးဆရာတစ်ဦး၏ အညာကျေးလက်ဘဝသရုပ်ဖော်ချက်များမှာ အညာနံ့၊ အညာသွေး မပြယ်သေးသော ဝန်းကျင်၌ ခေတ်သစ်ဓလေ့စရိုက်များ ဝင်ရောက်ချိန်ကို ရေးခြယ်ထားရာ နှစ်သက်ဖွယ်ဖြစ်၍ စာဖတ်သူ စေတနာပွားအောင် ရေးဖွဲ့နိုင်ကြောင်း တွေ့ရှိရသဖြင့် ဆုပေးရန် ထောက်ခံပါသည်' ဟူ၍ ၁၉၉၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ်) ဆုရွေးချယ်ခဲ့ပုံနှင့်ပတ်သက်၍ သုံးသပ်တင်ပြထားသည်ကို ဖတ်ရှုရပါသည်။

ဒုတိယအကြိမ်မြောက် ၁၉၉၆ ခုနှစ်အတွက် အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ခံရသော ကိုဆေးရိုးဝတ္ထုတို (၆) နှင့်ပတ်သက်၍ ဆုရွေးချယ်ရေးအဖွဲ့ငယ်က 'ဆင်ဖြူကျွန်းအောင်သိန်း၏ ကိုဆေးရိုး(၆)ဝတ္ထုတိုများတွင် စာရေးသူ၏ အတွေ့အကြုံရင့်ကျက်မှုများကို တွေ့ရသည်။ ဒေသအလိုက် ဝေါဟာရများ ကြွယ်ဝသည့် အညာကျေးလက် လူနေမှုဘဝများကို ပီပြင်စွာရေးဖွဲ့ထားသည်။ အရေးအသား ပြေပြစ်ကောင်းမွန်သည်။ ပင်ပန်းဆင်းရဲမှုကို ခံနိုင်ခြင်း၊ တင်းတိမ်ရောင့်ရဲခြင်း၊ စာနာတတ်ခြင်း၊ သဒ္ဓါတရားစိတ်ကောင်းစေတနာရှိခြင်း၊ အဆွေအမျိုးကိုချစ်ခြင်း၊ ဇာတိမြေကို တွယ်တာခြင်းစသည့် ထိန်းသိမ်းပွားများသင့်သော မြန်မာလူမျိုးတို့၏စရိုက်ကို ပေါ်လွင်စွာရေးဖွဲ့လိုက်သည်' ဟု သုံးသပ်မှတ်ချက်ပြုထားသည်ကို တွေ့ရှိရပါသည်။

ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၏ သုံးထပ်ကွမ်း အမျိုးသားစာပေဆုရရှိသော နေမင်းတစ်ထောင်ဝတ္ထုရှည်နှင့်ပတ်သက်၍ ဆုရွေးချယ်ရေးအဖွဲ့ငယ်၏ မှတ်ချက်မှာ 'နေမင်းတစ်ထောင်ဝတ္ထုရှည်သည် တစ်အုပ်တည်းမဟုတ်ဘဲ အတွဲရှစ်တွဲခွဲ၍ ထုတ်ဝေရသော ဝတ္ထုရှည်ကြီးဖြစ်ပါသည်။ အုပ်ရေခွဲ၍ ထုတ်ဝေရသလို ဇာတ်ကောင်အမျိုးမျိုး၏ စရိုက်အဖုံဖုံကိုလည်း တင်ဆက်ထားပါသည်။ ကုန်းဘောင်မင်းဆက် ပုဂံမင်းလက်ထက်မှစ၍ ၁၉၆၂ ခုနှစ်မတိုင်မီအထိ မြန်မာ့နိုင်ငံရေးကို နောက်ခံထားပြီး ရေးဖွဲ့ထားပါသည်။ ယင်းသို့ ရေးဖွဲ့ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ပီပြင်စွာ ဖော်ကျူးနိုင်သည်ကို တွေ့ရပါသည်။ ဇာတိသွေး ဇာတိမာန်တို့ကို ဖော်ကျူးနိုင်သည့်အပြင် မျိုးချစ်စိတ်ဓာတ်တက်ကြွစေရန် စေ့ဆော်မှုများသည် စာဖတ်သူတို့အတွက် အားမာန်ကို ဖြစ်ပေါ်စေသည်။ ဝတ္ထုတွင်ပါရှိသည့် ဇာတ်ကောင်အမျိုးမျိုးသည် မြန်မာ့ဓလေ့၊ ရှေးခေတ်မြန်မာ့ရေမြေသဘာဝတို့နှင့်အညီ စကားအသုံးအနှုန်းများကို ပြောဆို၍ ဒေသအလိုက်၊ စရိုက်အလိုက် အားပြိုင်လှုပ်ရှားကြပါသည်။ နယ်ချဲ့တို့နှင့် ဆင်နွှဲရသည့် မျိုးချစ်စစ်ပွဲများမှသည် စာပေရေးရာများအထိ ဆွဲခေါ်လာသည့် ဝတ္ထုရှည်ကြီးဖြစ်သည်။ နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးဦးတည်ချက် (၄) ရပ်ကိုပါ အထောက်အကူပြုသဖြင့် "နေမင်းတစ်ထောင်" စာအုပ် (ရှစ်အုပ်တွဲ) ကို ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုရှည်ဆု) အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်' ဟု မှတ်သားတွေ့ရှိရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

- ❖ **ဆရာကြီးသည် ၁၉၉၈ ခုနှစ်တွင် အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှစာပေဆု (S.E.A Write Award) ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ထိုက်တန်စွာချီးမြှင့်ခြင်းခံခဲ့ရ**
- ❖ **၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ပထမအဆင့်) ကို လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုကိုလည်းကောင်း ချီးမြှင့်ခြင်းခံခဲ့ရ**
- ❖ **စာအုပ်စာပေများကို စဉ်ဆက်မပြတ် ရေးသားထုတ်ဝေခဲ့ရာ ထိုစာအုပ်များထဲမှ ဝတ္ထုရှည် အတွဲပေါင်း ရှစ်တွဲပါဝင်သည့် နေမင်းတစ်ထောင်ဝတ္ထုရှည်စာအုပ်ဖြင့် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆု သုံးထပ်ကွမ်း ထပ်မံရရှိခဲ့**

# အကြမ်းဖက်ခြင်း သင်နှင့်အနီးဆုံးမှာနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး သင်ခန်းစာများ

အချိန်ကာလတို့သည် တရွေ့ရွေ့ကုန်ဆုံး ပြောင်းလဲဖြစ်ပေါ်နေသည်။ ယနေ့အဖြစ်အပျက်များသည် မနက်ဖြန်တွင် သမိုင်းဖြစ်ရပ်များအဖြစ် ကျန်ရစ်ပေမည်။ လောကအဖြစ်အပျက်တို့သည် အကောင်း၊ အဆိုးနှစ်တန် ရောယှက်နေသည်။ ကောင်းဟန်၊ ဆိုးဟန်တို့ကို မှန်မှန်ကန်ကန် စစ်ထုတ်၍ အနှစ်ထုတ်လိုက်လျှင် ဘဝသင်ခန်းစာယူစရာများ ရရှိပေမည်။ သတင်းစာများသည် သမိုင်းကို ပြောနေကြသည်ဟု ဆိုခဲ့သည်။ သတင်းစာများက ပြောသော သမိုင်းသည် အဆိုး၊ အကောင်း၊ အကျိုး၊ အကြောင်းတို့ကို အရှိကိုအရှိအတိုင်း မှတ်တမ်းတင်ထားသည်။ ယင်းတို့ကို ဓမ္မဓိဋ္ဌာန်ကျကျ ထုတ်နုတ်သိမှတ်နိုင်ပါက ဖတ်ရှုလေ့လာသူများအဖို့ အကျိုးများမည်ဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် မျက်မှောက်ကာလဖြစ်စဉ်များကို 'ဇဝံ မေ သုတံ' ဤသို့ ဤပုံ ကြားနာမှတ်သားကြရပေလိမ့်မည်။ သို့သော် မုသာဝါဒနှင့် အာဃာတ လောကအလယ်တွင် အမှန်တရားကို ရှာဖွေတွေ့ရှိရန်မှာ အလွန်ပင်ခက်ခဲပေလိမ့်မည်။ အမှန်တရားအချို့သည် ခါးသီးနေတတ်ပြီး အမှန်တရားအချို့သည် တိမ်သလ္လာဖုံးအုပ်နေသည်။ ဤလောကတွင် အာဃာတနှင့် အမုန်းတရားများ မကုန်ဆုံးသရွေ့ အမှန်တရားသည်လည်း ပျောက်ကွယ်နေမည်မှာ သေချာပါသည်။ အမှန်တရားပျောက်ကွယ်နေသရွေ့ အမုန်းတရားများထွန်းကားကာ အကြမ်းဖက်ခြင်းတို့သည် သင်၏အနီးဆုံးသို့ပင် ရောက်ရှိနေမည်ဖြစ်သည်။

အမုန်းတရားများ၊ အာဃာတတရားများ၊ မုသာဝါဒများ၊ အကြမ်းဖက်ခြင်းများကို ရှောင်ရှားနိုင်ရန်အတွက် သင်သည် မှန်မှန်ကန်ကန် ရှုမြင်ဆင်ခြင်တတ်ဖို့လိုအပ်ပါသည်။ မှန်မှန်ကန်ကန် ရှုမြင်ဆင်ခြင်နိုင်ရန်အတွက် ရှုပ်ထွေးပွေလီဖြစ်ပျက်နေသည့် လောကပဋိပက္ခများထဲမှ အမှားကိုဖယ် အမှန်ကိုရှာဖွေထုတ်၍ အကျိုးအကြောင်း၊ အဆိုးအကောင်းတို့ကို ဓမ္မဓိဋ္ဌာန်ကျကျအနှစ်ထုတ်ထားသည်တို့အား ဖတ်ရှုခြင်းဖြင့် အမှန်တရားကိုဆင်ခြင်ရှုမြင်နိုင်ပါလိမ့်မည်။

**အကျိုးဖြစ်ထွန်းနိုင်**

ယမန်နေ့က အဖြစ်အပျက်များသည် ယနေ့တွင် သမိုင်းမှတ်တမ်းအဖြစ် တည်ရှိနေပြီး ယခင်က ယခင်နှစ်များက အဖြစ်အပျက်များသည် ဖုံးဖိထား၍မရသော သမိုင်းဖြစ်ရပ်များ ဖြစ်သည်။ ယင်းတို့အနက် ဖြစ်စဉ်အမှန်များကို သတင်းစာများက မှတ်တမ်းတင်ရပေသည်။ အတိတ်သမိုင်းကြောင်းဟူသည် ဖျောက်ဖျက်ပစ်၍ ရရိုးထုံးစံမရှိပေ။ ဖုံးကွယ်ရှောင်လွှဲ၍လည်း ရနိုင်ကောင်းသည် မဟုတ်ပေ။ ထိုသို့ ဖုံးကွယ်ဖျောက်ဖျက်ရန်လည်း အလျှင်းမကြိုးစားသင့်သည့် ကိစ္စပင်ဖြစ်ပေသည်။ အတိတ်ကာလ သမိုင်းကြောင်းပေါ်တွင် ထင်ကျန်ရစ်ခဲ့သော "ဆိုးကျိုး၊ ကောင်းကျိုး"ဟူသမျှတို့ကို ပစ္စက္ခကာလတွင် အကြောင်းတရားအဖြစ် တည်ရှိစေလျက် အနာဂတ်ကာလအတွက် "အကျိုး"ကို ဖြစ်ပေါ်လာစေခြင်းမှာ သင်ခန်းစာများအဖြစ် တော်တည့်မှန်ကန်စွာ ပေးသင့်ပေသည်။ သို့မှသာ ပေးဝေသူမှာလည်း ရည်ရွယ်ချက်မြောက်၊ ခံယူသူမှာလည်း အကျိုးဖြစ်ထွန်းနိုင်ပေလိမ့်မည်။







သို့ရာတွင် ယခုမူ အတိတ်ကာလက ဖြစ်ပျက်ခဲ့သမျှသော သမိုင်းဖြစ်ရပ်မှန်များကို ကပြောင်းကပြန်ဖြစ်သွားစေရန် ယနေ့ပြည်သူများ၊ လူငယ်လူရွယ်များနှင့် နောင်လာ နောက်သားများ၏စိတ်တွင် သို့လော၊ သို့လောဖြင့် ဇဝေဇဝါဖြစ်သွားစေရန်နှင့် လွဲမှားသော ဖြစ်ရပ်များကို တစ်သက်လုံး စွဲမြဲသွားစေရန် ပြောဆိုရေးသား၊ ထုတ်လွှင့်နေကြသည်ကို စိတ်မသက်သာစွာဖြင့် မြင်တွေ့ကြားသိနေရပေသည်။ ထိုမမှန်ကန်သော အဖြစ်အပျက်များကို ချေပသုတ်သင် ရှင်းလင်းနိုင်မှသာ ပြည်သူများ အတွေးမှန်အမြင်မှန်ရပြီး လမ်းကြောင်းမှန်ပေါ်တွင် စိတ်ချမ်းသာစွာ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ သတင်းစာများသည် သမိုင်းကို ညွှန်းဆိုသည်ဆိုသကဲ့သို့ ယနေ့နိုင်ငံရေးလောက အဖြစ်အပျက်များထဲမှ မှတ်တမ်းတင်ထိုက်သော အဖြစ်အပျက်များ၊ အမှန်တရားများကို မီးမောင်းထိုးပြထားသော၊ သင်ခန်းစာယူ ရှုမြင်ဆင်ခြင်ထိုက်သော အကြောင်းအရာမျိုးစုံ အဖုံဖုံတို့ကို အများပြည်သူတို့၏ အကျိုးကိုရှေးရှု၍ ဆောင်းပါးရှင် ကြီးငယ်မျိုးစုံတို့က မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့မှတစ်ဆင့် အသိပညာဗဟုသုတများ မျှဝေခဲ့ကြပါသည်။

**ပြတ်ပြတ်ထင်ထင်မြင်**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ဧပြီလနှင့်မေလအတွင်း အဆိုပါ သတင်းစာကြီးနှစ်စောင်တွင် ဖော်ပြပါရှိခဲ့သော နိုင်ငံ့အရေးအရာ ပကတိဖြစ်ရပ်မှန် အကြောင်းအရာများကို ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ထားသော ဆောင်းပါးများအား စုစည်း၍ အများပြည်သူ လွယ်လင့်တကူ ဖတ်ရှုနိုင်ရန် ပေါင်းချုပ်စာအုပ်အဖြစ် ထုတ်ဝေထားပါသည်။

**လမ်းမှားရောက်သွားသည့် လူတန်းစားအဖွဲ့အစည်းအချို့နှင့် လူငယ်လူရွယ်များ ဘဝအမှောင်ဖုံးပြီး နစ်မွန်းနေသည့်ဘဝများကိုလည်း စိတ်မကောင်းဖွယ် မြင်တွေ့ဖတ်ရှုရမည်။ သွေးဆူလွယ်သည့် လူငယ်လူရွယ်များ နိုင်ငံရေးပယောဂ အမှောင်ဖုံးအုပ်သည်နှင့် မိဘဆရာသမား၊ ရဟန်းသံဃာပါ စော်ကားရဲလာသည်ကို အနာဂတ်အတွက် ရင်လေးဖွယ်ရာ စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်ရသည်။ မကောင်းမှုကို အမှန်တရားထင်ပြီး ဇွတ်တိုးကျူးလွန်ကြရာမှ မကောင်းမှု၏ အကျိုးပေးများ အချိန်အခါမလင့် ခံစားကြရသည်ကို ရင်နင့်စရာလည်းကြုံရသည်။ ကျင့်ဝတ်သိက္ခာစောင့်စည်းရမည့် ပညာရှင်လူတန်းစားများ၏ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုများကြောင့် ပြည်သူများ ဒုက္ခအခက်အခဲရောက်ကြရသည်ကို ကဏ္ဍအဖုံဖုံ မြင်တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးအစွန်းရောက်များ၊ နိုင်ငံရေးကို ခုတုံးလုပ်သူများ၊ နိုင်ငံရေးအချောင်သမား၊ တောကြောင်အဖျက်သမားများ၏ စနက်ကြောင့် အသိဉာဏ် ဗဟုသုတနည်းပါးသော ပြည်သူအချို့နှင့် တက်ကြွလွန်ကဲ လူငယ်အချို့တို့ မြေဇာပင်ဖြစ်ပြီး ဘဝပျက်ခဲ့ကြသည့် ဇာတ်မြစ်ကို အမှန်အတိုင်း သိရှိရမည်ဖြစ်သည်။**

### စာမော်ကွန်း

အဆိုပါ စာအုပ်ကို စေ့ငုလေ့လာကြည့်သောအခါ ဖြစ်စဉ်များ၏ အမှန်နှင့် အမှားတို့ကို ခွဲခြားရှုမြင်ဆင်ခြင်နိုင်မည်ဖြစ်သည်။ ဖြစ်ပေါ်ခဲ့သောမြေပြင်အချက်အလက်များအပေါ် မသမာသူအဖျက်သမားတို့၏ ပုံကြီးချဲ့ကား ထုတ်လွှင့်မှုများကြောင့် စိုးရိမ်ထိတ်လန့်ပူပင်သောက ရောက်ကြရသော ပြည်သူများရှိသလို အမှားကို အမှန်ထင်ပြီး လမ်းမှားပေါ်သို့ ရောက်နေကြသော ပြည်သူများကိုလည်း တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးအာဏာငန်းဖမ်း၍ ဆင်ကန်းတောတိုးလုပ်ကိုင်နေကြသော နိုင်ငံရေးသမား အစွန်းရောက်များ၏ လေလှိုင်းပေါ်က လုပ်ရပ်များကိုလည်း ပြတ်ပြတ်ထင်ထင် မြင်တွေ့ရမည်ဖြစ်သည်။

လမ်းမှားရောက်သွားသည့် လူတန်းစားအဖွဲ့အစည်းအချို့နှင့် လူငယ်လူရွယ်များ ဘဝအမှောင်ဖုံးပြီး နစ်မွန်းနေသည့်ဘဝများကိုလည်း စိတ်မကောင်းဖွယ် မြင်တွေ့ဖတ်ရှုရမည်။ သွေးဆူလွယ်သည့် လူငယ်လူရွယ်များ နိုင်ငံရေးပယောဂ အမှောင်ဖုံးအုပ်သည်နှင့် မိဘဆရာသမား၊ ရဟန်းသံဃာပါ စော်ကားရဲလာသည်ကို အနာဂတ်အတွက် ရင်လေးဖွယ်ရာ စိတ်မချမ်းမြေ့ဖွယ်တွေ့မြင်ရသည်။ မကောင်းမှုကို အမှန်တရားထင်ပြီး ဇွတ်တိုးကျူးလွန်ကြရာမှ မကောင်းမှု၏ အကျိုးပေးများ အချိန်အခါမလင့် ခံစားကြရသည်ကို ရင်နင့်စရာလည်းကြုံရသည်။ ကျင့်ဝတ်သိက္ခာ စောင့်စည်းရမည့် ပညာရှင်လူတန်းစားများ၏ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုများကြောင့် ပြည်သူများ ဒုက္ခအခက်အခဲ ရောက်ကြရသည်ကို ကဏ္ဍအဖုံဖုံ မြင်တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးအစွန်းရောက်များ၊ နိုင်ငံရေးကို ခုတုံးလုပ်သူများ၊ နိုင်ငံရေးအချောင်သမား၊ တောကြောင်အဖျက်သမားများ၏ စနက်ကြောင့် အသိဉာဏ် ဗဟုသုတ နည်းပါးသော ပြည်သူအချို့နှင့် တက်ကြွလွန်ကဲ လူငယ်အချို့တို့ မြေဇာပင်ဖြစ်ပြီး ဘဝပျက်ခဲ့ကြသည့် ဇာတ်မြစ်ကို အမှန်အတိုင်းသိရှိရမည်ဖြစ်သည်။

သပွတ်အူရှုပ်ထွေးသည့် မြန်မာ့နိုင်ငံရေး အဖြစ်အပျက်တို့သည် နှောင်းအတိတ်ကာလအဖြစ်အပျက်များနှင့် မခြားနားပေ။ နိုင်ငံရေးသမားတို့၏ အမြတ်ထုတ်မှုများ၊ စီမံခန့်ခွဲမှုညံ့ဖျင်းမှုများ၊ ဘနဖူးသိုက်တူးပုံများ၊ မင်းသားကြီးမလုပ်ရသဖြင့် ပတ်မကြီးထိုးမည့် အကြံအစည်များ၊ ပြည်သူလူထုကို မရိုးမသား စွဲဆောင်စည်းရုံးမှုများ၊ ပြည်သူလူထုကို နင်းချေချခင်းပုံများ၊ အာဏာကို လက်မလွှတ်တမ်းဆုပ်ကိုင်ထားလို၍ မဲလိမ်မဲခိုးပြုလုပ်ပုံများ၊ အာဏာကို လက်လွှတ်လိုက်ရသည်နှင့် တိုင်းပြည်အလုံးစုံပျက်စီးရေးလမ်းစဉ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေပုံများသည် မရိုးနိုင်သော မြန်မာ့နိုင်ငံရေးသမိုင်းကြောင်း အခင်းအကျင်းများဖြစ်နေသည်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူ့ဘောင်လောကဖြစ်မျိုးစုံလင်ကြားတွင် ကျင်လည်နေကြရသည်။ မုသာဝါဒနှင့် လုပ်ကြံဝါဒကြားတွင် ရပ်တည်နေရသည်။ ထိုကြားတွင် အကြမ်းဖက်ဝါဒမင်းမူလာသည့် အကြောင်းတရားကို ဤစာအုပ်တွင် ရှာဖွေကြည့်ရှုနိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၁၁ သို့** ☆

✰ စာမျက်နှာ ၁၀ မှ

**အကြမ်းဖက်ခြင်းဇာစ်မြစ်**

ကျွန်ုပ်တို့သည် အမှန်တရားကို ဖွေရှာကြည့်နိုင်မှ အဆိုးသံသရာမှ လွတ်မြောက်နိုင်သောလမ်းစကို သေချာသိနိုင်မည်ဖြစ်သည်။ ဤအချက်ကို "အကြမ်းဖက်ခြင်း သင်နှင့် အနီးဆုံးမှာ"နှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်းပါးများတွင် လေ့လာကြည့်ရှုနိုင်ပါသည်။ "အကြမ်းဖက်ခြင်း(Terrorism) ဆိုတာရဲ့ မူရင်း စာလုံးဖြစ်တဲ့ Terror ဆိုတာ ထိတ်လန့်ကြောက်ရွံ့ခြင်းကနေ ဆင်းသက်လာတာဖြစ်ပြီး ထိတ်လန့်ကြောက်ရွံ့စရာကောင်းတဲ့ဝါဒ တစ်နည်းအားဖြင့် အကြမ်းဖက်ခြင်းဆိုတာ အကြောက်တရားကနေ နိုင်ငံရေးအခြေအနေတစ်ရပ်ကို ပြောင်းလဲတဲ့ စစ်ဗျူဟာတစ်ရပ်လို့ ဆိုကြပါတယ်။ ၂၀၁၅ ခုနှစ်နိုဝင်ဘာလမှာ ပဲရစ်အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၃၀ သေဆုံးရသလို ၂၀၀၂ ခုနှစ် အစ္စရေးမှာ ပါလက်စတိုင်းအကြမ်းဖက်သမားတွေရဲ့



တိုက်ခိုက်မှုကြောင့် တစ်နှစ်အတွင်း လူ ၄၅၀ ကျော် သေဆုံးခဲ့ရဖူးပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေထဲမှာ မမေ့နိုင်စရာကောင်းတဲ့ ၉/၁၁ အကြမ်းဖက်မှုကတော့ စံချိန်တင်ပြီး လူ ၃၀၀၀ လောက် သေဆုံးခဲ့ရတယ်"ဟု ဆောင်းပါးရှင် ကနောင်က အကြမ်းဖက်ခြင်း သင်၏အနီးဆုံးမှာ ဆောင်းပါးတွင် အကြမ်းဖက်ခြင်းဇာစ်မြစ်နှင့် နိုင်ငံများ၏ ဖြစ်စဉ်အချို့အား နမူနာထုတ်နုတ်ဖော်ပြထားသည်ကို မှတ်သားရသည်။

မြန်မာနိုင်ငံမှာလည်း ယခုအခါ အကြမ်းဖက်ခြင်းဆိုသည့် အကြောက်တရားကနေ နိုင်ငံရေးအခြေအနေတစ်ရပ်ကို ပြောင်းလဲတဲ့ စစ်ဗျူဟာတစ်ရပ်ကို ခင်းကျင်းနေတာ တွေ့ရမှာဖြစ်သည်။ အပြစ်မဲ့ပြည်သူတွေကို သူလျှိုဒလန်လုပ်ပြီး ရက်ရက်စက်စက် လူမြင်ကွင်းမှာ သတ်ပြနေခြင်းသည် အကြမ်းဖက်ခြင်းဟူသည့် အကြောက်တရားကို ဖန်တီးနေခြင်းဖြစ်သည်။ ထိုအကြောက်တရားမှနေ၍ နိုင်ငံရေးအခြေအနေတစ်ရပ်ကို ပြောင်းလဲသည့် စစ်ဗျူဟာသည် မအောင်မြင်သော ဗျူဟာဖြစ်သည် ဆိုသော်လည်း အကြမ်းဖက်ဝါဒ ခေါင်းထောင်မထလာအောင် နိုင်ငံများ ကြိုးပမ်းနေသည့်နည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း အကြမ်းဖက်ဝါဒကို လက်မခံ အမြစ်ကမကျန် ဖြိုဖျက်ကြရမည်မှာ အားလုံးတွင် တာဝန်ရှိပါသည်။ ယခုအခါတွင် အကြမ်းဖက်သမားသည် သင်၏အနီးဆုံးမှာရှိနေသည်ဟု ဆိုရမလိုဖြစ်နေသေးသည်။ သင်၏အနီးဆုံးမှာရှိနေလျှင် သင်နှင့်သင့်မိသားစု၊ သင့်ပတ်ဝန်းကျင် စိုးရိမ်ထိတ်လန့် အန္တရာယ်မဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

"အကြမ်းဖက်တိုက်ခိုက်တာဟာ သူတို့မှာ လုံလောက်တဲ့ အင်အားမရှိတာကြောင့် ပါဝါမျှခြေ (Balance of Power) ကို အကြမ်းဖက်မှုနည်းနဲ့ ပြောင်းလဲဖို့ ကြိုးပမ်းကြတာဖြစ်တယ်လို့ နိုင်ငံရေးသုတေသီတွေက ဆိုထားကြပါတယ်။ နိုင်ငံတကာမှာ အကြမ်းဖက်မှုတွေကို နှိမ်နင်းရင်း ခြေကျုံမိတဲ့ အစိုးရတွေရှိပြီး နိုင်ငံရေးအပြောင်းအလဲတွေ ဖန်တီးပေးလိုက်တာမျိုး ရှိခဲ့တာကြောင့် အကြမ်းဖက်မှုကို အသုံးတည့်တယ်လို့ ထင်မြင်ကြသူတွေလည်း ရှိပါတယ်။ ဒါပေမယ့် အကြမ်းဖက်မှုတွေကြောင့် တိုင်းပြည်မရှုနိုင်မကယ်နိုင် ဆင်းရဲတွင်းက မတက်နိုင်တဲ့ ချွတ်ခြုံကျနိုင်ငံတွေ ဖြစ်လာရတဲ့ သာဓကတွေကိုလည်း လေ့လာသင့်ပါတယ်။ သေဆုံးသွားရှာပြီဖြစ်တဲ့ ပါလက်စတိုင်း အမျိုးသားကဗျာဆရာ မာမက်ဒါဝစ်က သူ့ရဲ့ကမ္ဘာကျော်ကဗျာတွေထဲမှာ ဂါဇာမှာရှိတဲ့ ဟားမတ်စ်နဲ့ ဖာတာတို့ အကြမ်းဖက်တိုက်ခိုက်ခဲ့ကြတာကို 'လမ်းပေါ်ထွက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေကြခြင်း'လို့ မြည်တမ်းကဗျာဖွဲ့ဆိုခဲ့ဖူးပါတယ်။"

"ဘယ်လို နိုင်ငံရေးစနစ်ဖြစ်ဖြစ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ဖြစ်ဖြစ်၊ ဘယ်လိုယုံကြည်ချက်နဲ့ဖြစ်ဖြစ် အကြမ်းဖက်ခြင်းကို လုပ်လို့မရပါဘူး။ လူမျိုးတူတိုင်း၊ ဘာသာတူတိုင်း၊ အယူဝါဒတူတိုင်း၊ ခံယူချက်တူတိုင်း အကြမ်းဖက်သမားတွေကို ထောက်ခံပေးလို့ မဖြစ်ပါဘူး။ ဒါဟာ နိုင်ငံတကာက အကြမ်းဖက်သူတွေကို သတ်မှတ်ထားတဲ့ အမြင်ပဲဖြစ်သလို အထူးသဖြင့်တော့ ဒီမိုကရေစီနိုင်ငံတွေမှာ အကြမ်းဖက်သူဟာ နိုင်ငံရဲ့ အဓိကရန်သူ၊ ကမ္ဘာ့ရန်သူအဖြစ် အကြမ်းဖက်ဝါဒကို အပြင်းအထန် ရှုတ်ချလေ့ရှိပါတယ်"ဟု ဆောင်းပါးရှင် ကနောင် ရေးသားသည့် အကြမ်းဖက်ခြင်း သင်နှင့်အနီးဆုံးမှာ ဆောင်းပါးသည် လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေအတွက် သုံးသပ်ဆင်ခြင်မှတ်သားစရာ ဆောင်းပါးတစ်ပုဒ်ဖြစ်ပါကြောင်း။ ။

**"ဘယ်လို နိုင်ငံရေးစနစ်ဖြစ်ဖြစ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ဖြစ်ဖြစ်၊ ဘယ်လိုယုံကြည်ချက်နဲ့ဖြစ်ဖြစ် အကြမ်းဖက်ခြင်းကို လုပ်လို့မရပါဘူး။ လူမျိုးတူတိုင်း၊ ဘာသာတူတိုင်း၊ အယူဝါဒတူတိုင်း၊ ခံယူချက်တူတိုင်း အကြမ်းဖက်သမားတွေကို ထောက်ခံပေးလို့မဖြစ်ပါဘူး။ ဒါဟာ နိုင်ငံတကာက အကြမ်းဖက်သူတွေကို သတ်မှတ်ထားတဲ့ အမြင်ပဲဖြစ်သလို အထူးသဖြင့်တော့ ဒီမိုကရေစီနိုင်ငံတွေမှာ အကြမ်းဖက်သူဟာ နိုင်ငံရဲ့အဓိကရန်သူ၊ ကမ္ဘာ့ရန်သူအဖြစ် အကြမ်းဖက်ဝါဒကို အပြင်းအထန်ရှုတ်ချလေ့ရှိပါတယ်"ဟု ဆောင်းပါးရှင်ကနောင် ရေးသားသည့် အကြမ်းဖက်ခြင်း သင်နှင့်အနီးဆုံးမှာ ဆောင်းပါးသည် လက်ရှိမြန်မာ နိုင်ငံ၏ အခြေအနေအတွက် သုံးသပ်ဆင်ခြင်မှတ်သားစရာ ဆောင်းပါးတစ်ပုဒ်ဖြစ်ပါကြောင်း**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

ကျောက်တံခါး ဇူလိုင် ၃၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကံကလေးကျေးရွာအုပ်စု ကံကလေးကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကို (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် ဝန်ထမ်းများက ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ညွှန်ကြားချက်နှင့်အညီ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ ကြေးမုံ



## မြင်းခြံခရိုင်မှ ကျေးရွာပေါင်း ၆၀ ၌ ကျေးရွာအဆင့် ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ

မြင်းခြံ ဇူလိုင် ၃၀

ကျေးရွာအဆင့် ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး (Green Growth) အသိပညာပေးသင်တန်းကို ကျေးလက်ဒေသများမှ ဖွံ့ဖြိုးရေးကော်မတီဝင်များ သိရှိနားလည်ရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လတတိယပတ်မှစတင်၍ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်း ဖွင့်လှစ်ပေးခဲ့ရာ လက်ရှိတွင် ကျေးရွာပေါင်း ၆၀ ၌ သင်တန်း ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီဖြစ်ကြောင်း မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာက ပြောသည်။

**သင်ကြားပို့ချ**

သင်တန်းတွင် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး သဘောတရားတွင် မဖြစ်မနေဆောင်ရွက်ရမည့် အခြေခံအချက်များဖြစ်သည့် သဘာဝပတ်ဝန်းကျင်နှင့် ညီညွတ်သော အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချခြင်း၊ ရေ လေလွင့်ဆုံးရှုံးမှုလျှော့ချခြင်း၊ ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ စွမ်းအင်ရရှိမှုနှင့် အကျိုးရှိစွာ အသုံးပြုခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာ အသုံးချခြင်း၊ လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန် စီမံခြင်း၊ ဓာတုဗေဒသုံး စိုက်ပျိုးပစ္စည်း (မြေဩဇာ၊ ပိုးသတ်ဆေး) လျှော့ချသုံးစွဲမှု အသိပညာပေးခြင်း၊ အော်ဂဲနစ်သွင်းအားစုများ သုံးစွဲမှုမြှင့်တင်ရေး အသိပညာပေးခြင်း၊ ကောင်းမွန်သောစိုက်ပျိုးရေး(GAP)၊ တိရစ္ဆာန်မွေးမြူရေး (GAHP)နှင့်



ရေသတ္တဝါမွေးမြူရေး(GAqP)ကျင့်စဉ်များ အားပေးဆောင်ရွက်ခြင်း၊ မြေယာပြုပြင်ခြင်းနှင့် မြေဆီလွှာတိုက်စားမှု ကာကွယ်ခြင်း စသည့် အသိပညာများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအပြင် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များဖြင့် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မင်းမြင့်မိုရ်

# တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနှင့်ဆက်စပ်သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၁ ရှိလာ

**တိုကျို ဇူလိုင် ၂၀**

လက်ရှိကျင်းပလျက်ရှိသည့် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနှင့်ဆက်စပ်ပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိကြောင်း တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီက ယနေ့ပြောကြားသည်။

အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် သုံးဦးသည် နိုင်ငံခြားသား ကစားသမားများဖြစ်သည်။ ၎င်းတို့သုံးဦးအနက် နှစ်ဦးသည် တိုကျိုမြို့ရှိ အားကစားရွာ၌ နေထိုင်ပြီး အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသူများဖြစ်သည်။

တိုကျို အိုလံပစ်အားကစားပြိုင်ပွဲနှင့် ဆက်စပ်သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် ဇူလိုင် ၁ ရက်မှစပြီး တဖြည်းဖြည်းမြင့်တက်လာကြောင်း သိရသည်။

လက်ရှိအချိန်အထိ အဆိုပါပြိုင်ပွဲနှင့် ဆက်စပ်သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၁ ရှိပြီဖြစ်သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်



# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် အရေးပေါ်အခြေအနေသက်တမ်းတိုး

**တိုကျို ဇူလိုင် ၂၀**

ဂျပန်အစိုးရသည် ယမန်နေ့က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၀၀ ကျော် စံချိန်တင် တွေ့ရှိခဲ့ပြီးနောက် ချီဘာ၊ ကာနာဂါဝါ၊ ဆိုင်တာမာနှင့် အိုဆာကာစသည့် ခရိုင်များ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေသက်တမ်းတိုးရန် ယနေ့ ကြေညာလိုက်သည်။



အဆိုပါ အရေးပေါ်အခြေအနေသည် ဩဂုတ် ၂ ရက်မှ ၃၁ ရက်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။ ဂျပန်အစိုးရသည် ယခင်က တိုကျိုနှင့် အိုကီနာဝါခရိုင်တွင် ဩဂုတ် ၂၂ ရက်အထိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားပြီး ဖြစ်သော်လည်း ဒေသတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေအပေါ် မူတည်၍ ယခုအခါ ဩဂုတ်လကုန်အထိ သက်တမ်းထပ်တိုးလိုက်ခြင်း ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေအရ အရက်နှင့် ကာရာအိုကေခန်းမများပါရှိသည့် စားသောက်ဆိုင်များကို နေ့စဉ်ဒေသစံတော်ချိန်ည ၈ နာရီတွင် ပိတ်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျပန်အစိုးရသည် တစ်စိတ်တစ်ပိုင်းဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် ဟော့ကိုင်းဒိုး၊ အိရှိကာဝါ၊ ကျိုတို၊ ဟီယိုဂိုနှင့် ဖူကာကွယ်စသည့် ခရိုင်ငါးခုရှိ စီးပွားရေးဆိုင်ရာ သွားလာလှုပ်ရှားမှုများတွင် ပို၍တင်းကျပ်သော အရေးပေါ်အခြေအနေကို ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- ဂျေတီ

# အမေရိကန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများပြားသောဒေသများတွင် နှာခေါင်းစည်းဝတ်ဆင်ရမည်

**ဝါရှင်တန်ဒီစီ ဇူလိုင် ၂၀**

အမေရိကန် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးသည့်တိုင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများပြားသော ဒေသများတွင် နှာခေါင်းစည်းဝတ်ဆင်ရမည်ဖြစ်ကြောင်း အမေရိကန် ရောဂါပိုးမွှား ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ယမန်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အမေရိကန် ရောဂါပိုးမွှားထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ ယခုညွှန်ကြားချက်သည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများပြားသောဒေသများရှိ ပြည်သူများအနေဖြင့်လည်း ယခုညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆိုသည်။

ယခုညွှန်ကြားချက်ကို ဝါရှင်တန်ဒီစီ၊ နယူးယောက်နှင့် လော့စ်အိန်ဂျလိစ်စသော မြို့ကြီးများအပါအဝင် ပြည်နယ်နှင့်ဒေသပေါင်း ၃၉ ခုအတွက် လိုက်နာဆောင်ရွက်ရန် ထုတ်ပြန်ခြင်းဖြစ်သည်။ နိုင်ငံအတွင်းရှိ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးသူများအနေဖြင့် နှာခေါင်းစည်းဝတ်ဆင်ရန်မလိုအပ်ကြောင်း မေလအစောပိုင်းတွင် အမေရိကန် ရောဂါပိုးမွှားထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက အမိန့်ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် အမေရိကန်နိုင်ငံအတွင်း ဇူလိုင် ၂၆ ရက်မှစတင်၍ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၀၀၀ ကျော် ရှိလာခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ၏ ၈၀ ရာခိုင်နှုန်းမှာ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံသူများဖြစ်သည်။ ကာကွယ်ဆေးထိုးနှံပြီးသူအချို့တွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသည်ကိုလည်း တွေ့ရှိရကြောင်း အမေရိကန် ရောဂါပိုးမွှား ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ရိုချယ်လီ ဝယ်လန်စကီးက ပြောသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- စိုးသူရ

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၅၆၄ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဇူလိုင် ၂၀**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၅၆၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၂၄၂၀၆၆ ဦးရှိလာကြောင်း ရုရှားနိုင်ငံရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၇၉၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၇၇၇၁ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၀၄၈၅ ဦး ရောဂါမှပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၅၅၈၈၄၈ ဦးရှိလာသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၈၄၀ ထပ်မံ စစ်ဆေးတွေ့ရှိ

**ကွာလာလမ်ပူ ဇူလိုင် ၂၀**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၈၄၀ ထပ်မံ စစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၉၅၄၈၆ ဦး ရှိလာကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၃၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၈၅၉ ဦး ရှိလာပြီဖြစ်သည်။



သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၂၁၇၉ ဦး ရောဂါမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေး အခြေအနေ ပြန်လည်ကောင်းမွန်လာသူ ပေါင်း ၉၀၂၉၂၁ ဦးရှိပြီ ဖြစ်သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်



# ကိုဗစ်-၁၉ ကပ်ရောဂါ၏ မူလဇာစ်မြစ်ထွက်ပေါ်လာရေး ထပ်မံစစ်ဆေးရန် အမေရိကန်က ထောက်ပံ့သွားမည်

**ဝါရှင်တန် ဇူလိုင် ၃၀**

ကိုဗစ်-၁၉ ကပ်ရောဂါ၏ မူလဇာစ်မြစ် ထွက်ပေါ်လာရေးအတွက် ထပ်မံစစ်ဆေးမှုပြုရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆောင်ရွက်ချက်များအပေါ် အမေရိကန်က ထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်က ဆိုသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်စ်နှင့် ကူဝိတ်မြို့တော်၌ ယမန်နေ့တွင် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ၏ မူလဇာစ်မြစ်ကို ထပ်မံစစ်ဆေးမှုများပြုလုပ်ရာတွင် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဦးဆောင်ကာ သက်သေခံအထောက်အထားများအပေါ်အခြေခံပြီး ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က အလေးပေးပြောကြားသည်။






အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်က ကိုဗစ်-၁၉ ရောဂါသည် တရုတ်နိုင်ငံဝူဟန်မြို့ရှိ ဓာတ်ခွဲခန်းတစ်ခုမှ ယိုစိမ့်ထွက်လာနိုင်ဖွယ်ရှိသည်ဟု အခိုင်အမာပြောကြားခဲ့သော်လည်း ယင်းဖြစ်စဉ်မှာ လုံးဝမဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များက မတ်လတွင် အစီရင်ခံစာတစ်ရပ်ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုရိုနာဗိုင်းရပ်စ်၏ မူလဇာစ်မြစ်ကို ထပ်မံစုံစမ်းစစ်ဆေးရန် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကိုဗစ်-၁၉ ရောဂါ၏ မူလဇာစ်မြစ်ကို ဖော်ထုတ်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့တာဝန်ရှိသူများအား ညွှန်ကြားထားပြီး အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ ဝေမျှပေးရန် တရုတ်အစိုးရအား ဂျိုးဘိုင်ဒင်က တိုက်တွန်းပြောကြားထားကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# ဘရာဇီးနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၅၅၄၄၉၇ ဦးရှိလာ

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၃၀**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၃၁၈ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၅၄၄၉၇ ဦး ရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂၈၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၉၈၃၉၃၆၉ ဦးရှိလာသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်အရေအတွက် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ရောဂါကူးစက်မှုတွင် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် ရောဂါကူးစက်မှုအရေအတွက် တတိယအများဆုံး နိုင်ငံဖြစ်သည်။

နိုင်ငံအတွင်း၌ ရောဂါကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများနှင့် ပြည့်နှက်လျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များလည်း ယိုယွင်းပျက်စီးလျက်ရှိသည်။

**ပြည်သူ ၁၃၇ ဒသမ ၆ သန်း ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးဖြစ်**

လက်ရှိအချိန်အထိ ပြည်သူ ၁၃၇ ဒသမ ၆ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၃၉ ဒသမ ၄ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၁၁၆၈ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ ဇူလိုင် ၃၀**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၁၆၈ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၃၇၂၃၇၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

**သေဆုံးသူပေါင်း ၉၂၃၁၁ ဦးရှိလာ**

အလားတူ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၅၉ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၉၂၃၁၁ ဦးရှိလာပြီး ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၂၇၃၀၇၂၀ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် နေ့စဉ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ လျှော့ချရန်အတွက် အသွားအလာကန့်သတ်မှုများကို လက်ရှိအချိန်တွင် ချမှတ်ထားပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများနှင့် အနီးကပ်နေထိုင်ခဲ့သူများအား ရှာဖွေပြီး ရောဂါကုသနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်း လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသူ ၂၀ ဒသမ ၁၄ သန်းနှင့် ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးစီးသူ ၄၆ ဒသမ ၈ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



# ဟန်ဂေရီနိုင်ငံ၌ ကျန်းမာရေးလုပ်သားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားမည်

**ဘူတာပတ်စ် ဇူလိုင် ၃၀**

ဟန်ဂေရီနိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသည့် ကျန်းမာရေးလုပ်သားများကို ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဟန်ဂေရီအစိုးရက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ထပ်မံဖြစ်ပွားလာနိုင်သည့် အဆိုပါကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသည့် ကျန်းမာရေးလုပ်သားများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ကျန်းမာရေးလုပ်သားများအား ယမန်နှစ်ဒီဇင်ဘာလမှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် အများစုမှာ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ကြပြီး ကာကွယ်ဆေး မထိုးနှံရသေးသော ကျန်းမာရေးလုပ်သားဦးရေ အနည်းငယ်ရှိနေသေးကြောင်း သိရသည်။

ယခုအချိန်သည် ကာကွယ်ဆေး ထိုးရန် ကျန်ရှိနေသော ကျန်းမာရေးလုပ်သားများ ကာကွယ်ဆေးထိုးနှံရမည့် အလှည့်ဖြစ်ကြောင်း အစိုးရက ပြောကြားသည်။ ကျန်းမာရေးလုပ်သားများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ရန် အခွင့်အလမ်း ပိုမိုများပြားသဖြင့် ၎င်းတို့ကိုယ်တိုင်နှင့် လူနာများထံသို့ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်ရန်အတွက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူရမည်ဖြစ်ကြောင်း ဟန်ဂေရီအစိုးရက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ကျန်းမာရေး ချို့တဲ့သူများမှအပ ကျန်နိုင်ငံသားများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူရန် နေ့ရက်ကို စက်တင်ဘာ ၁ ရက် နောက်ဆုံးထားပြီး သတ်မှတ်ထားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးသူ ၅၆၁၇၂၆၀ ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးသူ ၅၄၂၈၉၈၀ ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၉၄၉၁ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၀၂၆ ဦးရှိသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၉၇၅၆၁၃၂၇ ဦး

သေဆုံးသူ ၄၂၁၈၅၄၆ ဦး

ပြန်လည်ကျန်းမာလာသူ ၁၇၈၆၇၆၈၃၈ ဦး

# ဗန်းမော်၊ တာချီလိတ်နှင့် မိုင်းတုံမြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက် ညနေ ၅ နာရီခွဲတွင် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက် ဦးကြီးထိန်နန်လမ်းတွင် စိုးထက်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုကိုလည်းကောင်း။

အလားတူ ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ) မြို့ရှောင်လမ်းတွင် စိုင်းဝန်းမီးမောင်းနှင်ပြီး စိုင်းရှဲန်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ ပါချီး ကျေးရွာအနီးတွင် မသင်္ကာဖွယ် အမျိုးသားနှစ်ဦးအား တွေ့ရှိရသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ၎င်းတို့သယ်ဆောင်လာသည့် ကျောပိုး အိတ်နှစ်လုံးအား ပစ်ချ၍ ထွက်ပြေးသွားသောကြောင့် ကျောပိုး အိတ်များအား ဖွင့်ဖောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၂၀၀ ကိုလည်းကောင်း စစ်ဆေးတွေ့ရှိရသောကြောင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။

သတင်းစဉ်

# ရွှေသွေးဂျာနယ် ထွက်ရှိ




**နေပြည်တော် ဇူလိုင် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇူလိုင် ၃၁ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ပညာရှိ ယုန်လေး၏ အကြံပေးမှုကြောင့် နေပန်းပွင့်ကြီးပုံပြင်ကို ပြောပြရာမှ လိမ္မာယဉ်ကျေးသွားသော တိုးနီအကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် “နေပန်းပွင့်ကြီး” မျက်နှာဖုံးဇာတ်လမ်း၊ မြန်မာ့တူရိယာတစ်မျိုးဖြစ်သည့် စောင်းအကြောင်းကို ရေးဖွဲ့ထားသည့် “စောင်းအကြောင်း သိကောင်းစရာ” သုတဆောင်းပါး၊ ဖြတ်ထိုးဉာဏ်ကောင်းသော အိမ့်နှစ်အကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် “အိမ့်နှစ်” နှစ်မျက်နှာကာတွန်း၊ သူတစ်ပါး၏ အားနည်းချက်ကို လှောင်ပြောင်မိ၍ နောင်တရနေသော ဖားလေးအကြောင်းကို တင်ဆက်ထားသည့် “ဖားသူငယ်နှင့် ကဏန်းငယ်” နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်း၏ မေတ္တာစေတနာကို နားလည်သွားသော ဘိုဘို၏အကြောင်းကို ပညာပေးတင်ဆက်ထားသည့် “သူငယ်ချင်းကောင်း” ဝတ္ထုနှင့် အစားမက်သော ဝီလီအကြောင်းကို တင်ဆက်ထားသည့် “ဝီလီ၏ ဆုတောင်း” ပုံပြင်၊ Personal pronouns များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆေးလိပ်၊ ကွမ်းယာ ရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင် ပါဝင်သော ဆေးရွက်ကြီးသည် အောက်ပါ ရောဂါများကို ဖြစ်ပွားစေပါသည်။

–ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး

–နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း

–အဆုတ်ပွရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ

–ခြေပုပ်လက်ပုပ်ရောဂါ

–ပန်းသေ ပန်းညှိုးရောဂါ

အဆိုပါရောဂါများသည် ကိုယ်တိုင် ဆေးလိပ်သောက်သူသာမက သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရသူများကိုလည်း အလားတူ ဖြစ်ပွားစေသဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၇-၂၀၂၂ စနေနေ့

### MRTV

| | |
|---|---|
| ၀၆:၀၀ | [illegible] |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၁၅ | [illegible] |
| ၁၀:၀၀ | သတင်းထူးသတင်း |
| ၁၀:၃၀ | [illegible] |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | [illegible] |
| ၁၆:၁၅ | [illegible] |
| ၁၆:၃၀ | [illegible] |
| ၁၇:၀၅ | [illegible] |
| ၁၇:၄၅ | MRTV Travelogue |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၁၀ | [illegible] |
| ၁၉:၂၀ | [illegible] (အပိုင်း-၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀:၂၀ | [illegible] 'After Me' |
| ၂၂:၀၀ | [illegible] |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Great Shwedagon - The Historic Bells |
| 07:39 | Outstanding Members of Sangha |
| 07:51 | Attractions around Hopong Hill Station |
| 08:01 | Weekly Review |
| 08:16 | Tapestry - A Unique Combination Of Painting and Craftsmanship |
| 08:35 | Gardener: King Orange Plantation |
| 08:50 | Myanmar Masterclass: Artist Khin Maung Zaw |
| 09:01 | Myanmar Family Life: Myanmar Snacks |
| 09:13 | Indian Footsteps |
| 09:21 | Myanmar Tradition of Lotus Flower |
| 09:42 | Ecotourism: Historic Pagodas and Interesting Places in Sagaing and Monywa Tourism Zone |
| 11:52 | Sticky Shan Snack |

### MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀) [illegible]

ကယား (၀၈:၀၀ မှ ၁၀:၀၀) [illegible]

(၁၀:၀၀ မှ ၁၁:၀၀) [illegible]

(၁၁:၀၀ မှ ၁၂:၀၀) [illegible]

(၁၂:၀၀ မှ ၁၃:၀၀) [illegible]

ချင်း (ဖလမ်း) (၁၃:၀၀ မှ ၁၄:၀၀) [illegible] (The Golden Crown of Africa)

ချင်း (မြို) (၁၄:၀၀ မှ ၁၅:၀၀) [illegible]

မွန် (၁၅:၀၀ မှ ၁၆:၀၀) [illegible]

ရခိုင် (၁၆:၀၀ မှ ၁၇:၀၀) [illegible] English Skill)

ရှမ်း (၁၇:၀၀ မှ ၂၀:၀၀) [illegible]

ဝ (၂၀:၀၀ မှ ၂၁:၀၀) [illegible]

### MRTV Entertainment

| | |
|---|---|
| ၀၇:၀၀ | [illegible] |
| ၁၀:၀၀ | [illegible] |
| ၁၀:၃၀ | [illegible] (အပိုင်း-၁) |
| ၁၁:၀၀ | [illegible] |
| ၁၁:၃၀ | [illegible] (အပိုင်း-၂) |

### MRTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၁၀ | [illegible] |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | [illegible] |
| ၀၈:၀၀ | [illegible] |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ... Education Channel ...

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (ကိုဗစ်-၁၉) မိမိကစ၍ ကာကွယ်ပါ

ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို “ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ” ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေးနှိုးဆော်တိုက်တွန်းအပ်ပါသည် –

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျ တပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက် မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ/ ဆီးချို/ သွေးတိုး/နှလုံးစသည့် နာတာရှည်ရောဂါ အခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့် နှာခေါင်းစည်း (Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်ပါ၊

(၁၂) ကိုရိုနာဗိုင်းရပ်စ်ရောဂါသံသယလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ၊

(၁၃) အပြင်ထွက်လျှင် ပါးစပ်နှင့်ခေါင်းစည်း(Mask) ကို စနစ်တကျ မတပ်ဆင်ခြင်းနှင့် လူစုလူဝေးပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။









# နေပြည်တော်၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး (Sinopharm) ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၃၀**
နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာန ပေါင်းစုံမှ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးရန် ကျန်ရှိသည့် ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် နေပြည်တော်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ( C ) ရုံ၌ ကိုဗစ် – ၁၉ ကာကွယ်ဆေး (Sinopharm) ကို ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

**ဦးစားပေးအစီအစဉ်အတိုင်း**

ကိုဗစ် – ၁၉ ကာကွယ်ဆေး (Sinopharm) ထိုးနှံခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်က “ ကာကွယ်ဆေးထိုးဖို့လာရင် အရင်ဆုံး Registration လုပ်ရပါတယ်။ ဝန်ကြီးဌာနတွေကလည်း ကြိုပြီးတော့ အမည်စာရင်းတွေ ပို့ထားတဲ့အတွက် ကာကွယ်ဆေးထိုးမှတ်တမ်း စာအုပ်ကိုထုတ်ပေးပါတယ်။ ဒီနေ့တော့ နေပြည်တော်မှာ ဒုတိယအကြိမ်ကာကွယ်ဆေး ထိုးဖို့ကျန်တဲ့ ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာ ဝန်ထမ်းတွေနဲ့ နေပြည်တော်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းတွေကို ကာကွယ်ဆေး ထိုးပေးတာဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ဦးစားပေး အစီအစဉ်အတိုင်း အုပ်စုအလိုက် ဆက်လက်ထိုးနှံပေးတာ ဖြစ်ပါတယ်။ ဒီနေ့ ထိုးတာကတော့ နေပြည်တော်အဆင့် ဝန်ထမ်းတွေ တော်တော်များများ ပါဝင်ပါတယ်။ ပြီးခဲ့တဲ့ ၂၇ ရက်နဲ့ ၂၈ ရက်တွေမှာ အကြောင်းအမျိုးမျိုးကြောင့် မထိုးဖြစ်တဲ့ ဝန်ထမ်းတွေလည်း ဒီနေ့လာရောက် ထိုးနှံကြပါတယ်” ဟု ပြောသည်။

ကိုဗစ် – ၁၉ ကာကွယ်ဆေး (Sinopharm) မထိုးမီ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးထဲတွင်ရှိသည့် အောက်ဆီဂျင်ပမာဏ တိုင်းတာခြင်းနှင့် အပူချိန်တိုင်းတာခြင်းတို့ကို ဦးစွာဆောင်ရွက်ပြီး ယင်းလုပ်ငန်းစဉ်များ ပုံမှန်ဖြစ်မှသာ ကာကွယ်ဆေး ထိုးနှံပေးခြင်းဖြစ်ကာ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများ လိုအပ်ပါက သမားတော်အဖွဲ့ဖြင့် ကုသပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်က “ အရင်က ထိုးပေးခဲ့တဲ့ ကိုဗစ်–၁၉ ကာကွယ်ဆေး (COVISHIELD)တုန်းကတော့ ဆေးတစ်လုံးကို ၁၀ ဦးထိုးရတာပါ။ အခုထိုးတဲ့ ကာကွယ်ဆေး (Sinopharm) ကတော့ ဆေးတစ်လုံးကို တစ်ဦးပဲထိုးရတဲ့ ဆေးဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးပြီးပြီဆိုပေမယ့် ကာကွယ်ဆေးတစ်ခုတည်းကို အားကိုးနေလို့မရပါဘူး။ ခပ်ခွာခွာ နေထိုင်ခြင်း၊ နှာခေါင်းစည်းတပ်ခြင်းနဲ့ လက်ဆေးခြင်းတွေကို ဆက်လက်လုပ်ဆောင်သွားရမှာပါ။ အခုထိုးတဲ့ ကာကွယ်ဆေးကြောင့် ကျန်းမာရေးနဲ့ ပတ်သက်ပြီး ထူးထူးခြားခြားဖြစ်တာ မတွေ့သေးပါဘူး။ နောက်ထပ်လည်း ကာကွယ်ဆေးတွေ ထပ်ရောက်ဖို့ရှိပါတယ်။ ကာကွယ်ဆေးတွေ ထပ်ရောက်လာလို့ရှိရင်လည်း ရောက်ရှိလာတဲ့ ကာကွယ်ဆေး အရေအတွက်ပေါ်မူတည်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဦးစားပေး အစီအစဉ်အတိုင်း ဆက်လက် ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

**ဆောင်ရွက်ထား**

ကာကွယ်ဆေး လာရောက်ထိုးနှံသူများကို ကာကွယ်ဆေးထိုးနှံပြီးနောက် ပြဿနာ၊ အန္တရာယ် တစ်စုံတစ်ရာ ရှိ၊ မရှိ သိရှိနိုင်ရန် နာရီဝက်စောင့်ကြည့်ပြီးမှသာ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်းနှင့် ဆေးထိုးပြီး ၂၄ နာရီအတွင်း တစ်စုံတစ်ရာ ထူးခြားမှုရှိပါက ချက်ချင်းသတင်းပေးပို့ အကြောင်းကြားနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

ကာကွယ်ဆေး လာရောက်ထိုးနှံသည့် ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးက “အခု ကာကွယ်ဆေးထိုးရမယ့်နေရာကိုရောက်တော့ အရင်ဆုံးနာမည်စာရင်းပေးလိုက်တယ်။ ကျန်းမာရေးဝန်ထမ်းတွေက အဆင်သင့်လုပ်ထားတဲ့ ဆေးထိုးဖို့ ကတ်ပြားလေးပေးပါတယ်။ သွေးတွင်း အောက်ဆီဂျင်တိုင်းတယ်။ ဆေးမထိုးခင် ဘာရောဂါဖြစ်ဖူးသလဲ၊ ဓာတ်မတည့်တဲ့ ဆေးတွေရှိသလား၊ ဆီးချိုသွေးချိုရှိသလား၊ သွေးတိုးရှိသလား၊ ကျန်းမာရေးအရ နေ့စဉ်သောက်နေရတဲ့ ဆေးတွေရှိသလား စတာတွေမေးမြန်းထားတဲ့ စာရွက်ကိုဖြည့်စွက်ရတယ်။ သွေးပေါင်ချိန် မမှန်သေးတဲ့သူဆိုရင် ခဏစောင့်ခိုင်းပြီး သွေးပေါင်ချိန် ပြန်တိုင်းပါတယ်။ သွေးပေါင်ချိန် ပုံမှန်ဖြစ်တဲ့သူတွေကိုတော့ ချက်ချင်းထိုးပေးပါတယ်။ ဆေးထိုးတဲ့အချိန်မှာ နာကျင်မှုမရှိပါဘူး။ ကာကွယ်ဆေး ထိုးပြီးတဲ့အချိန်မှာလည်း တခြားခံစားရတာမျိုး မရှိပါဘူး။ ကျွန်မအနေနဲ့ အခုလို ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုများပြားနေတဲ့အချိန်မှာ ကာကွယ်ဆေး ထိုးခွင့်ရလို့ ဝမ်းသာပါတယ်။ ကာကွယ်ဆေးမထိုးရသေးတဲ့ ပြည်သူတွေအနေနဲ့လည်း ကာကွယ်ဆေး ထိုးနှံဖို့ အခွင့်အရေးရပြီဆိုရင် မပျက်မကွက် ကာကွယ်ဆေးလာရောက်ထိုးနှံဖို့ တိုက်တွန်းချင်ပါတယ်” ဟုပြောသည်။

**ချိတ်ဆွဲကြေညာထား**

ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံသည့်နေရာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်ဆေးထိုးနှံမည့် ပြည်သူလူထု သိရှိထားရမည့် အချက်များကို ကာကွယ် ဆေးလာရောက်ထိုးနှံသူများ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲ ကြေညာထားသည်ကိုလည်း တွေ့ရသည်။

ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာ ယနေ့တွင် ပြည်ထောင်စုအဆင့် ဝန်ထမ်းနှင့် နေပြည်တော်အဆင့် ဝန်ထမ်းဦးရေ စုစုပေါင်း ၂၄၀ ကျော်ကို နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ( ခုတင်–၁၀၀၀) တို့မှ ဆရာဝန်များနှင့် သူနာပြုများက အဖွဲ့လေးဖွဲ့ခွဲ၍ ထိုးနှံပေးခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်း – ဟိန်းမင်းစိုး**
**ဓာတ်ပုံ – ကိုအေးသန်း**



# ထန်းတပင်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ထန်းတပင် ဇူလိုင် ၃၀**
ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် သီရိမင်္ဂလာခန်းမတွင် ယနေ့နံနက် ၇ နာရီက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမျိုးဘာသာမရွေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်နှင့် ချောင်းဝကျေးရွာအုပ်စုတို့မှ ကာကွယ်ဆေး မထိုးနှံရသေးသည့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ထိုးနှံပေးလျက်ရှိရာ ထိုသို့ ထိုးနှံရာတွင် ရပ်ကွက်နှင့် ကျေးရွာများအား ထန်းတပင်မြို့ သီရိမင်္ဂလာခန်းမတွင်လည်းကောင်း၊ ဇရပ်ကြီးကျေးရွာ စာသင်ကျောင်းတွင်လည်းကောင်း၊ လှည်းလမ်းကူးကျေးရွာစာသင်ကျောင်းတွင် လည်းကောင်း စုရပ်သုံးရပ်ခွဲ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးထိုးနှံမှုစနစ်တကျရှိစေရန်အတွက် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီက တစ်မြို့နယ်လုံးအတွက် ကာကွယ်ဆေးထိုး စိစစ်ကြီးကြပ်ရေးအဖွဲ့ ၁၀ ဖွဲ့ဖွဲ့စည်းကာ ရပ်ကွက်နှင့် ကျေးရွာများအလိုက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်စီမံ



အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြင့်နှင့် တာဝန်ရှိသူများကလည်း ဆေးထိုးနှံနေမှုများအား ကြည့်ရှုပေးကြောင်း သိရသည်။

ယခုထိုးနှံပေးလျက်ရှိသော ကာကွယ်ဆေးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော Sinopharm အမျိုးအစားဖြစ်ပြီး ထန်းတပင်မြို့နယ်တွင် လူဦးရေ ၁၆၀၀ လျာထားထိုးနှံနိုင်မည်ဖြစ်ကြောင်း ဇူလိုင်၂၉ ရက်မှ ဩဂုတ်၁ ရက် အထိ သက်ဆိုင် ရာစုရပ်များ၌ အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများအား ဦးစား ပေး၍ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**ကိုလွင်(ဆွာ)**

# ကျောက်မဲမြို့၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထပ်မံထိုးပေးလျက်ရှိ

**ကျောက်မဲ ဇူလိုင် ၃၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ် ၈ ရပ်ကွက် ကွန်ဖြူးရှပ်ကျောင်း၌ ယနေ့ညနေ ၅ နာရီမှစ၍ အသက် ၆၅ နှစ်နှင့်အထက်ရှိ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ယခုထိုးနှံပေးသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးသည် တရုတ်နိုင်ငံထုတ် Sinopharm ဆေးအမျိုးအစားဖြစ်ပြီး လူတစ်ဦးလျှင် နှစ်ကြိမ် ထိုးနှံရမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မဲမြို့နယ်အတွက် ယခုထပ်မံ၍ ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေး အလုံးပေါင်း ၈၅၀ ရရှိပြီး ကျောက်မဲမြို့ပေါ်ရှိ ကွန်ဖြူးရှပ်ကျောင်း၊ မိုင်းလုံ တိုက်နယ်ဆေးရုံ၊ မိုင်းငေါ့တိုက်နယ်ဆေးရုံနှင့် နောင်ပိန်တိုက်နယ်ဆေးရုံတို့၌ နေရာ လေးနေရာခွဲ၍ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး

**ဘိုကလေး**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မြို့နယ် ကျက်သရေဆောင် အောင်တော်မူဘုရားကြီးတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်းကာ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယနေ့နံနက် ၉ နာရီမှစတင်၍ထိုးနှံပေးသည်။

ယင်းသို့ထိုးနှံရာတွင် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄)၊ အမှတ်(၅) ရပ်ကွက်များမှ ထေရ်ကြီး၊ ဝါကြီးသံဃာတော်များ၊ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ထိုးနှံပေးခြင်းဖြစ်ပြီး ဇူလိုင် ၃၁ ရက်တွင် အမှတ်(၆)၊ အမှတ်(၇)၊ အမှတ် (၈)၊ အမှတ်(၉)နှင့် အမှတ်(၁၀) ရပ်ကွက်များမှ ဆရာတော် သံဃာတော်များနှင့် မိဘပြည်သူများအား ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

**ရွှေကျင်**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယနေ့ နံနက် ၁၀ နာရီမှစ၍ နေရာလေးနေရာခွဲကာ ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို စစ်ဗျူဟာ(အခြေချ) (ရွှေကျင်) အမှတ်(၈) တပ်မတော်ဆေးရုံ (၂၅)ခုတင်ဆံ့ဆေးရုံမှ ပါရဂူ သူနာပြုအရာရှိများ၊ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံမှ ကျန်းမာရေး ဝန်ထမ်းများက ရွှေကျင်မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား မြို့တော်ခန်းမ၊ မြို့နယ်အားကစားခန်းမ၊ အနောက်ဘက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၊ တောင်ဘက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့တွင် ကိုဗစ်-၁၉ ကာကွယ် ဆေးများကို ထိုးနှံပေးလျက်ရှိသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



**ဟိုပုံး**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် မြို့ပေါ်ခြောက်ရပ်ကွက်ရှိ အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ယနေ့နံနက် ၈ နာရီက ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ဟိုပုံးမြို့နယ်အတွက် ရရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ၁၂၅၁ လုံးအား ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေး သွားမည်ဖြစ်ပြီး ယနေ့ထိုးနှံပေးသည့် အသက် ၆၅ နှစ်နှင့် အထက် ဘိုးဘွားများအနေဖြင့် ဩဂုတ် ၂၈ ရက်တွင် ဒုတိယအကြိမ် ထိုးနှံရ မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**မုဒုံ**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် အသက် ၆၅ နှစ်နှင့်အထက် ဆရာတော် သံဃာတော်များနှင့် ဒေသခံပြည်သူများအား ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရှိကာကွယ်ဆေး ထိုးနှံပေးသည့် စုရပ်နေရာ ခြောက်နေရာ၌ တစ်ပြိုင်နက်တည်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ကို စတင်ထိုးနှံပေးခဲ့ကြောင်းသိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းကို အသက် ၆၅ နှစ်နှင့် အထက် ဆရာတော် သံဃာတော်များ၊ ဒေသခံပြည်သူများ၊ ပုဂ္ဂလိက ဆေးရုံဝန်ထမ်းများ၊ သယ်ယူပို့ဆောင်ရေးဝန်ထမ်းများ၊ စည်ပင် သာယာဝန်ထမ်းများ၊ ဘဏ်လုပ်ငန်းများမှ ဝန်ထမ်းများအား သတ်မှတ် ရက်များအလိုက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ စုရပ်တစ်နေရာတွင် တစ်ရက်လျှင် လူဦးရေ ၅၀ မှ ၁၀၀ အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

**လားရှိုး**

လားရှိုးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် ရဟန်း သံဃာတော်များနှင့် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီမှစတင်ကာ လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး၊ အရှေ့ခါးရိုးကျောင်း၊ ဆင်းရွှေလီ ဘိုးဘွားရိပ်သာနှင့် ပန်အုတ်ကျောင်း တို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် အသက်ကြီးဘိုးဘွားများအား သွေးပေါင် ချိန်တိုင်းတာခြင်း၊ အောက်ဆီဂျင်တိုင်းတာခြင်းနှင့် အဖျားတိုင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း၊ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ရဟန်းသံဃာတော် ၂၉ ပါးနှင့် အသက် ၆၅ နှစ် အထက်အဘိုးအဘွား ၈၆ ဦး စုစုပေါင်း ၁၁၅ ဦးတို့အား ထိုးနှံ ပေးခဲ့ကြောင်း သိရသည်။ **ဥမ္မာချို(ပြန်/ဆက်)**



**သဲကုန်း**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ယနေ့နံနက် ၉ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေး သည့် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား လူမျိုးဘာသာ မရွေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်မှ ကာကွယ်ဆေး မထိုးနှံရ သေးသည့် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား စတင် ထိုးနှံပေးလျက်ရှိရာ သဲကုန်းမြို့၌ မြို့နယ်ပြည်သူ့ဆေးရုံတွင် လည်းကောင်း၊ ပုတီးကုန်းမြို့၌ တိုက်နယ်ဆေးရုံနှင့် မြို့လယ်ဘုရား တွင်လည်းကောင်း၊ ဆင်မြီးဆွဲမြို့၌ တိုက်နယ်ဆေးရုံတွင်လည်းကောင်း၊ အင်းမမြို့၌ စိုက်ပျိုးရေးအထွက်တိုးစခန်းတွင်လည်းကောင်း ဆေးထိုး စုရပ်များခွဲကာ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၁၀ နာရီမှစတင်၍ ဆေးရုံရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့ပေါ်ရပ်ကွက်များရှိ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ထိုးနှံပေးရာတွင် ရောဂါကူးစက်မှုများပြား၍ လူနေထူထပ် သောမြို့ပေါ်ရပ်ကွက်များမှ ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား ဦးစားပေးဆေးထိုးနှံပေး လျက်ရှိကြောင်း၊ ကျေးရွာကျန်းမာရေးဌာနများတွင်လည်း ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**စောသန္တာဦး(ပြန်/ဆက်)**

**ရေး**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော် များနှင့် သီလရှင်များ၊ ဒေသခံပြည်သူများအား ဇူလိုင် ၂၉ ရက် ညနေပိုင်းက မြို့နယ်အတွင်းရှိ ကာကွယ်ဆေးထိုးနှံပေးသည့်



စုရပ်ငါးနေရာတွင် တစ်ပြိုင်နက်တည်း ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းကို အသက် ၆၅ နှစ်အထက် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ ဒေသခံပြည်သူများ၊ အစိုးရ၊ ပုဂ္ဂလိကဆေးရုံဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကပို့ဆောင် ရေးဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဟိုတယ်၊ မိုတယ်ခန်းများ မှ ဝန်ထမ်းများ၊ အကျဉ်းသား၊ အချုပ်သားများ၊ ဈေးများ၊ ပုဂ္ဂလိက ဘဏ်ဝန်ထမ်းများ၊ စက်ရုံ/အလုပ်ရုံများမှ ဝန်ထမ်းများအား စုစုပေါင်း ရက် ၂၀ ခန့် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

ရေးမြို့နယ်တွင် ဇူလိုင် ၂၉ ရက်က ရေးမြို့ တပုလ္လှင်နှစ်ဆူဘုရား ဓမ္မာရုံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၊ ရဲစခန်း၊ အ-ထ-က(ခွဲ)အဏ္ဏဝါနှင့် အစင်ကျေးရွာ ရတနာ့ဗိမာန်ကျောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုး စုရပ်နေရာ ငါးနေရာတွင် ၁၃၄ ဦးအား ထိုးနှံပေးခဲ့ပြီး ရေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပရဟိတအဖွဲ့များနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မိုင်းပျဉ်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ပေါ်သုံးရပ်ကွက်ရှိ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ယနေ့ နံနက် ၉ နာရီက အောက်ဈေးတန်းရပ်ကွက် ဓမ္မာရုံ၌ တပ်မတော်သား ဆရာဝန်များနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ကို စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ တာဝန်ရှိသူများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက် ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ် ပြီး မြို့ပေါ်သုံးရပ်ကွက်ရှိ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများနှင့် သံဃာတော်များ၊ သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့ဝင်များ၊ အကျဉ်းသား၊ အချုပ်သား များအား ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ကျန်ရှိသော တုံတာ မြို့ပေါ် (၄)ရပ်ကွက်နှင့် ကျေးရွာများ၌လည်းသက်ဆိုင်ရာ တာဝန်ရှိသူ များက အုပ်စုခွဲ၍ ဇူလိုင် ၃၁ ရက်မှစ၍ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မေမွန်ထွဋ်(ပြန်/ဆက်)**



# ရှင်သန်နေသော ဖွံ့ဖြိုးရေးပုံရိပ်များနှင့် ဓနုမြေ

## ဝ ထ က လ သ (နတလ)

(၁)

“ခေါ်ခြင်း ဝွေးပင် တောင်ဦး
ရေဦး ရွာငံ၊ ဆပ်ခြံ ညောင်ကြပ်
မြေလတ်ခေါ်ကြ၊ ပြည့်ဝစပါး
ပေါများ ဆန်ရေ၊ တိုးစေ ယခု
တဲ့လု အင်းထွက်၊ ဝါးရွက် မင်းပလောင်
တောင်စဉ် အုပ်စိုး၊ မြစ်ရိုး ကိုးရွာ
ပုပ္ပားကြွယ်ဝ၊ မြစ်ငယ် ငါးရာ
ဒီကာတစ်ခွင်၊ ယခုလာ၍
စားကြပါ ..... သောက်ကြပါ၊
ယခု လူတို့ ဖိတ်ပြုသည်”

**ဓနုတိုင်းရင်းသားရိုးရာ ဖုန်းတကြွယ် (ခေါ်) လယ်ယာစောင့်နတ် တင်မြှောက်ခြင်းမှ စာသားကောက်နုတ်ချက်။**

ပင်းတယသို့ ၁၉၈၀ ပြည့်နှစ်ကျော်ကာလများက တစ်ကြိမ် ရောက်ခဲ့ဖူးသည်။ ပင်းတယ ရွှေဥမင်ဘုရားအား ဖူးမြော်ရန်ဖြစ်၏။ ပင်းတယဒေသကား မြေပြန့်လွင်ပြင်မဟုတ်ပေ။ တွန့်ခေါက်တောင်ကုန်းတောင်တန်းများ၊ ကုန်းမြင့်လွင်ပြင်များနှင့် မြေကျွံမြေနိမ့်ချိုင့်ဝှမ်းများ ရောထွေးယှက်တင်လျက်ရှိ၏။ မြန်မာနိုင်ငံ၏ ရှေးအကျဆုံးကုန်းပြင်မြင့်ကြီးဟုဆိုပါသည်။

မြေနီနှင့် ကျောက်ကြမ်း၊ ချိုင့်ဝှမ်းများပေါသောကားလမ်းတစ်လျှောက် ဝဲယာတစ်ဖက်တစ်ချက်တွင် တောင်ရိုး၊ ဓနု၊ ပအိုဝ်း၊ ပလောင်တိုင်းရင်းသားရွာလေးများက စိမ်းစိုအုပ်ဆိုင်းနေသည့် သစ်ပင်၊ သစ်တော၊ ဝါးတောများကြားတွင် ဖုံးကွယ်နစ်မြုပ်နေလေသည်။

ဝါးထရံကာ၊ သက်ငယ်မိုးအိမ်တို့က အများစု။ လှည်းလမ်းနှင့် လူသွားလမ်းများကလည်း ပူးတုံခွာတုံ။ ညအခါ လျှပ်စစ်မီးရောင်များ မရှိခဲ့ပေ။ ဘယ်ကိုကြည့်ကြည့် ကြည့်လေရာ တောင်ကတုံးများ၊ တောင်ကြားလွင်ပြင်များပေါ်မှ မီးခိုးငွေ့တလူလူနောက်ခံတွင် ခေါင်းပေါင်း ပေါင်းလျက်၊ ခမောက်ဆောင်းလျက် မြေတူးမြေဆွနေသော တိုင်းရင်းသားများ။

ယခု နှစ်ပေါင်း ၄၀ အကြာ ၂၀၂၁ ခုနှစ်တွင် ဓနုဒေသသို့ ပြန်လည်ရောက်ရှိခဲ့ရာ တွေ့မြင်ရသည့်မြင်ကွင်းများက တိုးတက်မှုများစွာဖြင့် အကြီးအကျယ်ပြောင်းလဲခဲ့ပေပြီ၊ ရာသီဥတုကတော့ မပြောင်းလဲခဲ့။



ပင်းတယမြို့နယ် ရှောက်ချို - ကုန်းသာ - တာတိုင် နှစ်မိုင်ကတ္တရာထပ်ပိုးလွှာလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့မြင်ရစဉ်။

ရှမ်းကုန်းမြေမြင့်၏ သဘာဝအတိုင်း တောင်တန်းထူထူထပ်ထပ် ပတ်ဝန်းကျင်နှင့် စိမ့်ဝင်လာသော အအေးဓာတ်များကြောင့် ရင်ထဲငြိမ်းချမ်းနေလေသည်။

ကလောမြို့မှ အောင်ပန်းမြို့ကို ကွေ့ဝိုက်ပြီး ကျုံး၊ ပွေးလှ၊ ပင်းတယသို့ လာရာလမ်းတစ်လျှောက်တွင်လည်းကောင်း၊ ပင်းတယမှ တောင်ပေါ်ကြီးကျေးရွာ၊ ဆီးကျအင်း အလယ်ချောင်၊ ရွာငံလမ်းတစ်လျှောက်တွင်လည်းကောင်း တည်ရှိနေသည့်လမ်းများ၊ မြေလှိုင်းအလိပ်လိပ် ဖြစ်ပေါ်နေသည့် ကုန်းမြေမြင့်များကြား၊ စိုက်ခင်းရောင်စုံများကြား၊ ဝါးတောများနှင့် ကျေးရွာများကြား ယူကလစ်ပင်၊ ထင်းရှူးပင်မြင့်မြင့်ကြားမှလမ်းများက ကျယ်ပြန့်ညက်ညောနေလေသည်။

လမ်းမကြီးမှ ကျေးရွာများသို့ ဆက်သွယ်ရာလမ်းသွယ်များမှာလည်း ဖြောင့်ဖြူးနေကြပြန်သေး၏။ လျှပ်စစ်မီးတိုင်များကလည်း တောရောမြို့ပါနေရာအနှံ့ စိုက်ထူထားသည်ကို တွေ့ရပြန်၏။ သစ်တောသစ်ပင်တို့ကား အနည်းငယ် ပါးရှားသွားပေပြီ။ ဝန်းကျင်ရှုခင်းများကား တန်ဖိုးသတ်မှတ်ရေးထိုးမထားသည့် ပန်းချီကားတစ်ချပ်ပမာ ရှိနေကြပေသည်။

ဟိုယခင်က ကားတစ်စီးချင်း ရှောင်တိမ်းပြီး ရင်တထိတ်ထိတ်သွားလာခဲ့ရသည့် အရိပ်များကို ပြန်မြင်ယောင်နေမိသည်။ ဤဒေသကား တိုးတက်မှု၊ ဖွံ့ဖြိုးမှုများဖြင့် အတိုးတက်ကြီး တိုးတက်၊ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပေပြီ။

**❖ လမ်းမကြီးမှ ကျေးရွာများသို့ ဆက်သွယ်ရာလမ်းသွယ်များမှာလည်း ဖြောင့်ဖြူးနေကြပြန်သေး၏။ လျှပ်စစ်မီးတိုင်များကလည်း တောရောမြို့ပါ နေရာအနှံ့ စိုက်ထူထားသည်ကို တွေ့ရပြန်၏။ သစ်တောသစ်ပင်တို့ကား အနည်းငယ်ပါးရှားသွားပေပြီ။ ဝန်းကျင်ရှုခင်းများကား တန်ဖိုးသတ်မှတ်ရေးထိုးမထားသည့် ပန်းချီကားတစ်ချပ်ပမာရှိနေကြ။**

**❖ ဟိုယခင်က ကားတစ်စီးချင်းရှောင်တိမ်းပြီး ရင်တထိတ်ထိတ်သွားလာခဲ့ရသည့်အရိပ်များကို ပြန်မြင်ယောင်နေမိပါသည်။ ဤဒေသကား တိုးတက်မှု၊ ဖွံ့ဖြိုးမှုများဖြင့် အတိုးတက်ကြီး တိုးတက်၊ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပေပြီ။**

(၂)

ဓနုဒေသကား တောင်တန်းဒေသနှင့် မြေပြန့်ရောထွေးတည်ရှိနေ၏။ ဓနုလူမျိုးများသည် တိဗက်-မြန်မာအနွယ်ဝင် မြန်မာအုပ်စုတွင် ပါဝင်သောလူမျိုးတစ်မျိုးဖြစ်သည်။ **“ဓနု”** ဟူသည့် အသုံးအနှုန်းသည် ပုဂံခေတ် ပါဠိဝေါဟာရပင်ဖြစ်ပြီး အဓိပ္ပာယ်မှာ **“လေး (Bow)”** ဖြစ်သည်။ **လေး** နှင့် **မြား**ကို သွားလေရာကိုင်ဆောင်တတ်သဖြင့် **ဓနုလူမျိုး** ဟု ခေါ်တွင်ခြင်းဖြစ်သည်ဟု လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် နေထိုင်ကြသော်လည်း မန္တလေးတိုင်း ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ် ရပ်စောက်၊ ပင်းတယ၊ ပွေးလှ၊ ရွာငံဒေသများတွင် အများဆုံးနေထိုင်ကြပြီး တောင်ကြီး၊ အောင်ပန်း၊ ဟဲဟိုး၊ ကလော၊ မိုးမိတ်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ ပင်မှီ၊ ဘော်နင်း၊ သာမိုင်းခမ်း၊ လုံးပို၊ တီကျစ်၊ ပင်လောင်းနှင့် ပေါင်းလောင်းမြစ်ရိုးတစ်လျှောက်တို့တွင်လည်း နေထိုင်လေ့ရှိကြောင်း တွေ့ရှိရသည်။

ဓနုဒေသသည် ရှမ်းပြည်နယ် (တောင်ပိုင်း) မြေလတ်ဒေသတွင် မြောက်ဘက်အကျဆုံး တည်ရှိပြီး မြောက်ဘက်တွင် ဘော်နယ်၊ အရှေ့ဘက်တွင် ရပ်စောက်နယ်၊ တောင်ဘက်တွင် မိတ္ထီလာခရိုင်၊ အနောက်ဘက်တွင် မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့ ဝန်းရံတည်ရှိနေကြသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေကို ပြဋ္ဌာန်းအတည်ပြုပေးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၆ အရ **“ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ”** တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ပါဝင်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဤဒေသအား ရပ်ကွက်ကြီး ၁၆ ခု၊ ကျေးရွာအုပ်စု ၅၅ အုပ်စု၊ ကျေးရွာပေါင်း ၂၆၂ ရွာဖြင့် ဖွဲ့စည်းထားသည်။ ဒေသအတွင်း လူဦးရေ ၁၇၄၀၀၀ ကျော်ရှိရာ ဓနုလူမျိုး အများဆုံးနေထိုင်လျက်ရှိပြီး ပအိုဝ်း၊ တောင်ရိုးနှင့် အခြားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။

(၃)

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မူဝါဒ လေးရပ်၊ ရည်မှန်းချက် ခုနစ်ရပ်ချမှတ်၍ တိုင်းဒေသကြီး နှစ်ခု၊ ပြည်နယ် ခုနစ်ခု၊ ပြည်နယ်ခွဲ နှစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသခြောက်ခုတို့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည်လည်း အပါအဝင်ဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဓနုဒေသရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် မြေလမ်း ၁၁၇ မိုင် ၁ ဖာလုံ ကျောက်လမ်း ၁၂၃ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၄၆ မိုင် ၃ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာလမ်း ၂၄ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်လမ်း ၁ ဒသမ ၅ ဖာလုံ၊ လမ်းပြင်/ထိန်း လုပ်ငန်းတစ်ခုတို့ကို လည်းကောင်း၊ ကွန်ကရစ်တံတား ၂၄ စင်း၊ Box Culvert ၁၅ စင်း၊ ရေပြွန် ၁၆ စင်း၊ ကျောက်ဆောင်ဖယ်ခြင်းတစ်ခု၊ မြေထိန်းနံရံ ရှစ်ခု၊ အုတ်စီရေမြောင်း တစ်ခုကိုလည်းကောင်း၊ **ရေရရှိရေးလုပ်ငန်းအတွက်** ရေသွယ်ယူခြင်း မိုင် ၁၅၀ ၄ ဖာလုံနှင့် ရေတွင်းနှင့်ရေကန် ၄၂ ခု တို့ကိုလည်းကောင်း၊ **စွမ်းအင်လုပ်ငန်းအတွက်** မီးသွယ်တန်းခြင်း ၇၈ မိုင် ၇ ဖာလုံ၊ ဆိုလာ ၅၈၂၃ စုံနှင့် လျှပ်စစ်မီးရရှိရေး ငါးခုတို့ကိုလည်းကောင်း၊ **သာသနာရေး၊ ပညာရေးနှင့် ဝန်ထမ်းအိမ်ရာလုပ်ငန်းများအတွက်** ဘုန်းကြီးကျောင်း ၁၁ ကျောင်း၊ အခြေခံပညာကျောင်း ၂၇ ကျောင်းနှင့် ဝန်ထမ်းအိမ်ရာ ၂၃ လုံးတို့ကိုလည်းကောင်း၊ **ကျန်းမာရေးလုပ်ငန်းအတွက်** ဆေးပေးခန်း နှစ်ခန်း၊ ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ငါးခုတို့ကိုလည်းကောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းအတွက်** လယ်ယာမြေဖော်ထုတ်ခြင်း ဧက ၂၀၀ နှင့် စိုက်ပျိုးရေသွယ်ယူခြင်း ၃/၀ မိုင်တို့ကိုလည်းကောင်း၊ **ပြည်သူ့ဆက်ဆံရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက်** ရုပ်သံထပ်ဆင့်လွှင့်စက်ရုံလေးရုံ၊ စာကြည့်တိုက်နှစ်ခုနှင့် မွေးမြူရေးခြံနှစ်ခြံတို့ကို လည်းကောင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၈၅၄၃ ဒသမ ၀၃၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်လျက် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်/မန္တလေး) များမှ ဓနုတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားလူငယ် ကျား/မ ဝိဇ္ဇာဘွဲ့ရ ၈၅၇ ဦး၊ သိပ္ပံဘွဲ့ရ ၁၈၈၃ ဦး၊ အင်ဂျင်နီယာ(AGTI ဒီပလိုမာ) ၁၂၆၀၊ အင်ဂျင်နီယာ(B.Tech)ဘွဲ့ရ ၂၇၄ ဦး စုစုပေါင်း ၄၂၇၄ ဦး မွေးထုတ်ပြုစုပျိုးထောင်ပေးနိုင်ခဲ့သည်။

**စာမျက်နှာ ၁၉ သို့ ✻**

✻ ကျောဖုံးမှ

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)သို့ မြန်မာကျပ်ငွေဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းသူများအနေဖြင့် ပြည်တွင်းနေရာဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် အခြားပြည်တွင်းပုဂ္ဂလိကဘဏ်အသီးသီးတို့တွင် အထက်အပိုဒ် ၁ (က)နှင့် (ခ)ပါ ငွေစာရင်းအမှတ်များကို ဖော်ပြလှူဒါန်းနိုင်ပါသည်။

၄။ အလှူရှင်စာရင်းကို မှတ်တမ်းထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများထည့်သွင်းပြီးပါက email: treasury05@365mopf.gov.mm,treasury10@365mopf.gov.mm သို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၄၅၀၄၅၅၂၃၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၈ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၂၅၄၅၅၈၄၂၄ |

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# ကာတွန်းဆရာကြီး မြေဇာ ကွယ်လွန်

**နေပြည်တော် ဇူလိုင် ၂၀**

နာမည်ကျော် ကာတွန်းဆရာကြီး မြေဇာသည် ဇူလိုင် ၂၇ ရက် ည ၉ နာရီခွဲခန့်တွင် ကွယ်လွန်သွားပြီး ဖြစ်ပါသည်။



**ကာတွန်းများစတင်ရေးဆွဲ**

ကာတွန်းဆရာကြီး မြေဇာကို ၁၉၄၆ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် မွေးဖွားခဲ့သည်။ အဖ ဦးဘစိန်၊ အမိ ဒေါ်သန်းတို့၏သားဖြစ်သည်။ ဆင်ဖြူကျွန်းဇာတိဖြစ်သည်။ ၁၉၆၆ ခုနှစ်တွင် လူထုဦးလှ၊ လူထုဒေါ်အမာတို့ထံတွင် သတင်းစာပညာ၊ စာပေပညာရပ်များကို သင်ကြားခဲ့သည်။ ၁၉၆၈ ခုနှစ် ကြေးမုံသတင်းစာတွင် ကာတွန်းများ စတင်ရေးဆွဲသည်။ ထိုနှစ်တွင် ရန်ကုန်ပန်းချီပန်းပုကျောင်းတွင် ပန်းချီပညာ တက်ရောက်သင်ယူခဲ့သည်။ နောက်ပိုင်းတွင် စာနယ်ဇင်းများတွင် ကိုယ်ပိုင်ဟန်ရေးဟန်အသစ်ဖြင့် ကာတွန်းအမြောက်အမြား ရေးဆွဲအောင်မြင်ခဲ့သူဖြစ်ကာ စိန်မျောက်မျောက်၊ ရေမြင်းလေးနှင့် နှင်းနှင်းလေး ကာတွန်းဇာတ်ကောင်များမှာ များစွာအောင်မြင်ခဲ့သည်။ ကာတွန်း မြေဇာသည် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ နေအိမ်တွင်ပင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၇၆ နှစ်ရှိပြီဖြစ်သည်။

**ကြေးမုံ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့်ဆေးထိုးအပ်များ မြစ်ကြီးနား၊ စစ်တွေနှင့် သံတွဲမြို့များသို့ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်တို့ဖြင့် ဆက်လက်ပို့ဆောင်

**ရန်ကုန် ဇူလိုင် ၂၀**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုမြင့်တက်လျက်ရှိပြီး ခုတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေး ဆေးသိုလှောင်အအေးခန်းတွင်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm များနှင့် ဆေးထိုးအပ်များကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်တို့ဖြင့် မြစ်ကြီးနား၊ စစ်တွေနှင့် သံတွဲမြို့များသို့ ပို့ဆောင်ပေးသည်။



စစ်တွေမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရောက်ရှိစဉ်။

ထိုသို့ ပို့ဆောင်ပေးရာတွင် ကချင်ပြည်နယ် မြစ်ကြီးနားသို့ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပုံး အကြီးတစ်လုံး၊ ဆေးလုံးအရေအတွက် ၈၈၀၀၊ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပုံး အသေးတစ်လုံး၊ ဆေးလုံးအရေအတွက် ၁၅၇၃ လုံး၊ ဆေးထိုးအပ် ခုနစ်ပုံး၊ အပ်အရေအတွက် ၂၀၇၄၆ ချောင်းတို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပုံး အကြီးသုံးလုံး၊ ဆေးလုံးအရေအတွက် ၂၆၄၀၀၊ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပုံး အသေးတစ်လုံး၊ ဆေးလုံးအရေအတွက် ၇၁၈ လုံး၊ ဆေးထိုးအပ် ၁၇ ပုံး၊ အပ်အရေအတွက် ၅၄၂၃၆ ချောင်းတို့ကိုလည်းကောင်း၊ သံတွဲမြို့သို့ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပုံး အကြီးတစ်လုံး၊ ဆေးလုံးအရေအတွက် ၈၈၀၀၊ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပုံး အသေးတစ်လုံး၊ ဆေးလုံးအရေအတွက် ၁၃၂ လုံး၊ ဆေးထိုးအပ်ခြောက်ပုံး၊ အပ်အရေအတွက် ၁၇၈၆၄ ချောင်းတို့ကိုလည်းကောင်း ပို့ဆောင်ပေးခဲ့ရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

✻ စာမျက်နှာ ၁၈ မှ

(၄)

ဓနုလူမျိုးသွေးချင်းတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာမည့်ဘဏ္ဍာနှစ်များတွင်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများအား အရှိန်အဟုန်မပျက် ဆက်လက်လျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ဤဒေသကား သမိုင်းအစဉ်အလာကြီးမားစွာ တည်ရှိနေသောဒေသဖြစ်ပေ၏။ ပုဂံကျောက်စာများနှင့် ရှေးဟောင်းစာပေအရေးအသားများ မြင်တွေ့ရသော မြန်မာဝေါဟာရ ပေါရာဏအသုံးအနှုန်းတို့ကိုလည်း ပြောဆိုကြကုန်၏။

သုဓနုမင်းသားနှင့် ဒွေးမယ်နော်မင်းသမီးတို့၏ပျော်စံရာ ပုန်းတလုတ် ကန်သာယာလည်း တည်ရှိနေ၏။

ခံ့ထည်လှသည့် စိမ်းပြာရောင် ပင်းတယတောင်တန်းကြီး၏ တောင်ခါးပန်းယံတွင် ရွှေဥမင်လိုဏ်ဂူကြီးတည်ရှိနေ၏။ တောင်၏အခြေတွင် နှစ်သက်တမ်းရာကျော်ပြီဖြစ်သော ရိပ်လည်းဆိုင်းဆိုင်းဖြစ်သည့် ညောင်ပင်ကြီးများ အုပ်စုလိုက်တည်ရှိနေ၏။

သာသနာ့အာဇာနည် ကုံလုံဆရာတော်ကြီး၏ ဇာတိမြေဖြစ်သလို စကြာတောင်၊ ရှစ်သောင်းလေးထောင်ဘုရားတို့ကိုလည်း ဖူးမြော်နိုင်၏။

“ရေပြာအိုင်” ကဲ့သို့ ထူးခြားသောဘူမိဗေဒဆိုင်ရာနေရာများနှင့် မိန်းမရဲတောင်ကဲ့သို့ ဂမ္ဘီရဆန်သောနေရာများလည်း ရှိနေပြန်သေး၏။

တောင်ပေါ်မြေပြန့် တစ်ဆက်တစ်စပ်တည်းစည်းရုံးဖြစ်တည်ခြင်း သင်္ကေတပုံရိပ် ဇော်ဂျီမြစ်(ခေါ်) ဒုဋ္ဌဝတီမြစ် (ခေါ်) ပေါင်းလောင်းမြစ် မြစ်ဖျားအစတည်ရာ ဇော်ဂျီရေထွက် (အဖို) (အမ) တည်ရှိသောဒေသလည်းဖြစ်၏။

သမိုင်းမတင်မီခေတ်၊ ကျောက်ခေတ်ယဉ်ကျေးမှုများထွန်းကားခဲ့ရာ ပြဒါးလင်းဂူနှင့် ကမ်းပါးနီ (မြခနောက်ကျောက်ပိုးပြင်) တို့ တည်ရှိရာ ဒေသလည်းဖြစ်၏။

နိုင်ငံတော်ကာကွယ်ရေးအတွက် “ဓနုဂ္ဂဟ”ခေါ် ဒူးလေး၊ လင်းလေး ဆွဲကိုင်သည့်လူမျိုးမှ ဆင်းသက်လာကြသလို “တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူလူထုအားလုံးဟာ ငါ့အမျိုးတွေပဲ၊ သူတို့ထိရင် ငါနာတယ်” ဟု ပြောကြားခဲ့သူ မြန်မာ့လွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်တော်လှန်ရေးမှ တပ်မတော်သားဗိုလ်မှူးကြီးဗထူးနှင့် ကျဆုံးသွားသည့် နိုင်ငံ့သူရဲကောင်းစစ်သည်များ၏ သမိုင်းမော်ကွန်းရေးထိုးထားခဲ့သော ဒေသလည်းဖြစ်၏။

စာချိုးများနှင့် သံချပ်များက ထင်ရှားလှသလို ဒိုးပတ်ပွဲနှင့် တာတက်ပွဲ သို့မဟုတ် ဖူးစာရှင်ရှာပွဲ စသည့်ထူးခြားသောရိုးရာဓလေ့များ ထွန်းကားရာဒေသလည်းဖြစ်ပေ၏။

တစ်နည်းဆိုရသော် သဘာဝရှုခင်းအလှအပများ၊ ကောင်းမွန်သော ရာသီဥတု၊ တိုင်းရင်းသားတို့ ရိုးရာဓလေ့များ၊ သမိုင်းဝင်နေရာများ၊ ဘာသာရေးအထင်ကရနေရာများဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအတွက် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်သောအရင်းအမြစ်များ တည်ရှိနေသည့်ဒေသဆိုလည်း မှားအံ့မထင်။

(၅)

ကျွန်တော်သည် ပင်းတယတွင် တစ်ညအိပ်ခရီးခန့်သာ နေထိုင်ခဲ့သော်လည်း အချိန်တိုကာလအတွင်း ဓနုဒေသ၏ နေရာတော်တော်များများကို ရောက်နိုင်ခဲ့ခြင်းမှာ ဒေသ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ရာသီဥတုကောင်းမွန်မှု၊ ဒေသခံများ၏ ရိုင်းပင်းကူညီမှု၊ နယ်မြေလုံခြုံရေးအခြေအနေကောင်းမွန်မှုများကြောင့်သာ ဖြစ်ပါသည်။

ဤမည်သော ဓနုဒေသတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးမှုများဖြင့် မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းများသည် ကွန်ရက်ပမာယှက်ဖြာ၍ ဖြောင့်ဖြူးနေပေပြီ။ ယခင်မီးမှိန်မှိန်နှင့် မြို့၊ ရွာများတို့သည် လျှပ်စစ်မီးထိန်ထိန်ညီးလျက် လင်းလက်နေပေပြီ။ ဒေသအတွင်း တစ်ဦးချင်းဆက်သွယ်ရေးကွန်ရက်တို့ ချိတ်ဆက်ကောင်းမွန်နေပေပြီ။ ပညာရေးထွန်းတောက်သူများလည်း ပေါ်ထွက်ခဲ့ပေပြီ။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖွံ့ဖြိုးရေးကျောင်း၊ ဒီဂရီကောလိပ်နှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ မွေးထုတ်ပေးခဲ့သော ဓနုမျိုးဆက်သစ်လူငယ်များသည်လည်း နိုင်ငံ့တာဝန်များကို ကျရာဒေသအသီးသီးတွင် ထမ်းဆောင်နေကြပေပြီ။

ဆိုရသော် ပြည်ထောင်စုဖွားတိုင်းရင်းသားမျိုးနွယ်များဖြစ်ကြသော ဓနုလူမျိုးများ၏ ချစ်စဖွယ်ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ ထုံးတမ်းစဉ်လာများထွန်းကားရာ ဓနုဒေသသည်ကား ဘက်စုံဖွံ့ဖြိုးမှု ဆင့်ကဲဆင့်ကဲဖြစ်စဉ်များနှင့်အတူ ဆက်လက်တောက်ပနေမည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။ ။

# ဇူလိုင် ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၁၂၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၉-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၀-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၁၃၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅,၁၂၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၁၄၅,၆၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၉၄,၄၆၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၃,၄၄၂)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၀၅,၆၇၇)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၉၀)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၈,၉၄၂) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၀-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၇၂) ခု | (၂၄၀) ဦး |
| နေပြည်တော်ကောင်စီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၃) ခု | (၇၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၁၀) ခု | (၁၆၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၇) ခု | (၇၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၄၄) ခု | (၁၇၆) ဦး |
| နေပြည်တော်ကောင်စီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၃၇) ခု | (၉၉၀) ဦး |
| နေပြည်တော်ကောင်စီ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၆၁၂) ခု | (၃,၄၀၇) ဦး |
| စုစုပေါင်း | (၁၄,၁၃၅) ခု | (၅,၁၂၇) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၅၈၆၄၅၃ | ၂၉၆၂၆၇၆၅ | ၆၂၈၅၀၃ |
| ၂။ | အိန္ဒိယ | ၃၁၅၇၂၃၄၄ | ၃၀၇၄၃၉၇၂ | ၄၂၃၂၄၄ |
| ၃။ | ဘရာဇီး | ၁၉၈၃၉၃၆၉ | ၁၈၅၆၉၉၉၁ | ၅၅၄၆၂၆ |
| ၄။ | ရုရှား | ၆၂၄၂၀၆၆ | ၅၅၈၈၈၄၈ | ၁၅၇၇၇၁ |
| ၅။ | ပြင်သစ် | ၆၀၇၉၂၃၉ | ၅၆၉၁၉၂၃ | ၁၁၁၇၆၄ |
| ၆။ | ဗြိတိန် | ၅၈၀၁၅၆၁ | ၄၄၈၈၈၉၄ | ၁၂၉၅၁၅ |
| ၇။ | တူရကီ | ၅၆၈၂၆၃၀ | ၅၄၄၃၅၀၁ | ၅၁၁၈၄ |
| ၈။ | အာဂျင်တီးနား | ၄၉၀၅၉၂၅ | ၄၅၄၂၉၀၄ | ၁၀၅၁၁၃ |
| ၉။ | ကိုလံဘီယာ | ၄၇၆၆၈၂၉ | ၄၅၅၇၈၂၉ | ၁၂၀၁၂၆ |
| ၁၀။ | စပိန် | ၄၄၂၂၉၁ | ၃၇၀၇၉၁၄ | ၈၁၄၄၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၃၇၂၃၇၄ | ၂၇၃၀၇၂၀ | ၉၂၃၁၁ |
| ၂။ | ဖိလစ်ပိုင် | ၁၅၈၀၈၂၄ | ၁၄၉၁၁၈၂ | ၂၇၇၂၂ |
| ၃။ | မလေးရှား | ၁၀၉၅၄၈၆ | ၉၀၂၉၂၁ | ၈၈၅၉ |
| ၄။ | ထိုင်း | ၅၇၈၃၇၅ | ၃၈၁၁၇၀ | ၄၆၇၉ |
| ၅။ | မြန်မာ | ၂၉၄၄၆၀ | ၂၀၅၆၇၇ | ၈၉၄၂ |
| ၆။ | ဗီယက်နမ် | ၁၃၃၄၀၅ | ၃၁၇၈၀ | ၁၀၂၂ |
| ၇။ | ကမ္ဘောဒီးယား | ၇၆၅၈၅ | ၆၉၁၉၈ | ၁၃၇၅ |
| ၈။ | စင်ကာပူ | ၆၄၈၆၁ | ၆၂၆၇၉ | ၃၇ |
| ၉။ | လာအို | ၅၉၁၉ | ၂၇၇၄ | ၆ |
| ၁၀။ | ဘရူနိုင်း | ၃၃၃ | ၂၇၀ | ၃ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ပါဝင်လှူဒါန်းမှုများ ပြုလုပ်နိုင်ကြောင်း ကြေညာချက်

ယခုအခါ မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပေါ်လျက်ရှိပြီး ကူးစက်မှုနှုန်းမြင့်တက်လာသည့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ပူးပေါင်း၍ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးရုံများ၊ ဆေးခန်းများ၊ Quarantine Center များ၊ Community COVID Positive Centre များဖွင့်လှစ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား သက်ဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဆေးရုံ၊ ဆေးခန်း၊ Quarantine Center များနှင့် Community COVID Positive Centre များနှင့် သက်ဆိုင်ရာနေရာများသို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားနိုင်ရန်အတွက် (၂၂-၆-၂၀၂၁)ရက်နေ့ နံနက် ၈ နာရီမှစတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center) ရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ နေ့စဉ် နံနက် ၈ နာရီမှ ည ၉ နာရီအတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် -

(၁) ၀၆၇-၃၄၁၁၅၀၈
(၂) ၀၆၇-၃၄၁၁၅၀၉
(၃) ၀၆၇-၃၄၁၁၁၄၄
(၄) ၀၉-၈၈၂၅၅၇၉၉၁
(၅) ၀၉-၈၈၂၅၅၇၉၉၂
(၆) ၀၉-၈၈၂၅၅၇၉၉၃

သတင်းစဉ်

# မြေငလျင်လှုပ်ခတ်မှုနှင့် အနီးဆုံးဖြစ်သည့် သဖန်းဆိပ်ရေလှောင်တမံ ထိခိုက်မှုမရှိ

**နေပြည်တော်   ဇူလိုင်   ၂၀**

ဇူလိုင် ၂၉ ရက် မွန်းလွဲ ၃ နာရီတွင် ကန့်ဘလူ မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၄၂ မိုင်အကွာတွင် အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့သည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ငလျင်ရိုက်ခတ်မှုဒဏ်ကြောင့် ဌာနမှ ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ဆက်စပ် ရေအားအဆောက်အအုံများ ထိခိုက်မှုရှိ/မရှိ ချက်ချင်း ကွင်းဆင်းစစ်ဆေးရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။

မြေငလျင် အဓိကလှုပ်ခတ်ခဲ့သည့်နေရာမှာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူဒေသဖြစ်သော်လည်း ငလျင်ပြတ်ရွေ့ကြောများ ဆက်စက်မှုအရ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့ကို ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် ဆည်/တမံများနှင့် ရေအားလျှပ်စစ်အဆောက်အအုံများ ထိခိုက်မှုမရှိကြောင်း သိရသည်။



အထူးသဖြင့် ငလျင်လှုပ်ခတ်မှုနှင့် အနီးဆုံးဖြစ်သည့် သဖန်းဆိပ်ရေလှောင်တမံကို အထူးဂရုစိုက်၍ မျက်မြင်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာ တမံကိုယ်ထည်၊ ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့် ရေအားလျှပ်စစ်စက်ရုံများအပါအဝင် ရေအားအဆောက်အအုံများ ထိခိုက်မှုမရှိကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံကြီးသည် အမြင့် ၁၀၈ ပေ ရှိကာ အလျား၂၂၅၈၇ ပေရှိပြီး အရှေ့တောင်အာရှတွင် အရှည်လျားဆုံးတမံဖြစ်သည်။ ရေပြည့်သိုလှောင်ပမာဏ ၂၈ သိန်းခန့် သိုလှောင်ထားနိုင်ကာ စိုက်ပျိုးမြေဧက ငါးသိန်းခန့် ရေပေးဝေနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ကိုလည်း ထုတ်လွှတ်ပေးလျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေလှောင်တမံများ ဘေးကင်းလုံခြုံမှုရှိစေရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး မိုးရာသီမတိုင်မီအချိန်မှစ၍ တမံစစ်ဆေးရေးအဖွဲ့ လေးဖွဲ့ ဖွဲ့စည်းပြီး အရေးကြီးသောတမံများကို ကွင်းဆင်းစစ်ဆေးကာ တွေ့ရှိရသည့် အားနည်းချက်များကို အချိန်မီပြုပြင်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ရေလှောင်တမံအောက်ဘက်ရှိ မြို့ပြ၊ ကျေးရွာနေပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုလျော့ပါးစေရေးကို အထောက်အကူပြုနိုင်ရန်အတွက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Preparedness Plan– EPP) ကို တမံတစ်ခုချင်းစီအလိုက်ရေးဆွဲကာ EPP ပါ လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ကွမ်းလုံမြို့ လူမှုကူညီရေးအသင်းမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်းများနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်း

**ကွမ်းလုံ   ဇူလိုင်   ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံလူမှုကူညီရေးအသင်းမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်းများနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းခြင်းကို မြို့နယ် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၊ ကျန်းမာရေးဌာနတို့နှင့်ချိတ်ဆက်၍ ယနေ့ နံနက်ပိုင်းမှစတင်၍ လိုအပ်နေသော ကျေးရွာ၊ ရပ်ကွက်များသို့ အရောက် ဒုတိယအကြိမ် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းခြင်းများကို ကွမ်းလုံမြို့ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်း ဦးဆောင်ကာ အလှူရှင်များ၊ ဒေသခံလူငယ်များက ကွမ်းလုံမြို့နယ် ပြည်သူ့ဆေးရုံသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀၀၊ နှာခေါင်းစည်း အထုပ် ၄၉၀ နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ၊ အာလူး စုစုပေါင်း အိမ်ထောင်စု ၄၉ စုစာ၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်နေသော ကောင်းကျဲ၊ နမ့်ဟူးစံပြကျေးရွာများမှ အိမ်ထောင်စု ၅၉ စုနှင့် ကိုဗစ်–၁၉ ရောဂါကာလ စားရေးခက်ခဲသည့် အိမ်ထောင်စု ၁၆၄ စု စုစုပေါင်း အိမ်ထောင်စု ၂၇၂ စုတို့အတွက် ပေးအပ်လှူဒါန်းမှုမှာ ငွေကျပ်သိန်း ၇၀ ခန့်ရှိကြောင်း သိရသည်။

ကွမ်းလုံမြို့ လူမှုကူညီရေးအသင်းအနေဖြင့် လူမျိုး၊ ဘာသာမရွေး ကူညီထောက်ပံ့ဆောင်ရွက်လျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ကိုးကန့်တိုင်းရင်းသားများ၏ လှူဒါန်းမှုများနှင့်အတူ ကူညီဆောင်ရွက်လျက်ရှိသည်။ ရေရှည်လုပ်ငန်းစဉ်များအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး ကိုဗစ်–၁၉ ကပ်ရောဂါကာလတွင်လည်း လူမှုကူညီရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

ကွမ်းလုံမြို့နယ်၌ လိုအပ်နေသော စက်သုံးဆီ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ လက်အိတ်များ၊ နှာခေါင်းစည်း အစရှိသော ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးပစ္စည်းများကို လူမှုကူညီရေးအသင်းအနေဖြင့် တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်းက ပြောသည်။

ကွမ်းလုံမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၂၅ အုပ်စုနှင့် ရပ်ကွက်ခြောက်ခုတည်ရှိပြီး အလှူရှင်များအနေဖြင့်လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**





# ဘုတ်ပြင်းမြို့နယ်သို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ရောက်ရှိ

**ဘုတ်ပြင်း   ဇူလိုင်   ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွက် တရုတ်နိုင်ငံထုတ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၅၀၀ သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် တပ်မတော်လေယာဉ်ဖြင့် ဘုတ်ပြင်းလေဆိပ်သို့ ရောက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးများကို အမှတ်(၁၃) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးသော်ဇင်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းကျော်နှင့် ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်းအဖွဲ့များက လက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။

ဘုတ်ပြင်းမြို့နယ်အတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၃၅၀ ကို ဘုတ်ပြင်းမြို့ပြည်သူ့ဆေးရုံကြီး ဆေးပစ္စည်းသိုလောင်ရုံတွင် ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျထိန်းသိမ်းထားရှိပြီး ကော့သောင်းမြို့အတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ၂၁၅၀ ကို ကော့သောင်းခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းထိုက်က လွှဲပြောင်းရယူ၍ ကော့သောင်းမြို့သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်သယ်ဆောင်သွားကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ၁၃၅၀ကို တစ်လုံးလျှင် နှစ်ဦးနှုန်းဖြင့် လူဦးရေ ၂၇၀၀ ကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် ဘုတ်ပြင်းမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏အစီအစဉ်ဖြင့် သက်ဆိုင်ရာ ဆေးထိုးစုရပ်များတွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော်   ဇူလိုင်   ၂၀**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

**❍ ကိုဗစ်-၁၉ ကူးစက်ရောဂါမှ**

ကိုဗစ်-၁၉ ကာလအတွင်း လေယာဉ်ပြေးဆွဲမှုများကို Stay at home သတ်မှတ်ထားသည့် မြို့များမှအပ ပုံမှန်ပြေးဆွဲနေသည့် ခရီးစဉ်/လမ်းကြောင်းများအတိုင်း ပြေးဆွဲလျက်ရှိပြီး ရုံးပိတ်ရက်ကာလဖြစ်သော ဇူလိုင် ၁၇ ရက်မှ ယနေ့အထိ ပြည်ပသို့ Relief Flight ၁၆၇ ခေါက်၊ ခရီးသည် ၄၆၂၉ ဦး၊ ကုန်စည် ၃၀၃၀၈၇၂ ကီလိုကိုလည်းကောင်း၊ ပြည်တွင်းမြို့များသို့ ခရီးစဉ် ၆၄ ခေါက်၊ ခရီးသည် ၃၇၁၅ ဦးကိုလည်းကောင်း ပျံသန်းပို့ဆောင်ပေးခဲ့သည်။

**ပုံမှန်ပြေးဆွဲပေးလျက်ရှိ**

ရေယာဉ်များ ပြေးဆွဲပေးမှုအနေဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရန်ကုန်-ဒလ၊ ဝါးတန်း-ဒလ၊ လပွတ္တာလုပ်-ရေပေါ်ကြီး၊ ကျုံသွယ်- ဇီးဖြူချောင်း ခရီးစဉ်များကို ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး မန္တလေး-ဗန်းမော်နှင့် ရခိုင်ပြည်နယ်အတွင်း ခရီးစဉ်များကို ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။ ဇူလိုင် ၁၇ ရက်မှ ယနေ့အထိ ရေယာဉ်ခရီးစဉ်အသီးသီးအတွက် ၄၃၉ ခေါက်ပြေးဆွဲခဲ့ပြီး ခရီးသည် ၄၆၇၉၉ ဦး၊ ကုန်စည် ၂၅၈၁ တန်ကို ပို့ဆောင်ပေးခဲ့သည်။

မြန်မာ့မီးရထားအနေဖြင့် ရုံးပိတ်ရက်မတိုင်မီက ခရီးစဉ်အသီးသီးသို့ ပုံမှန် ၃၆ စင်း နေ့စဉ်ပြေးဆွဲခဲ့ရာမှ ဇူလိုင် ၁၉ ရက်မှစတင်၍ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် စာပို့ရထား နှစ်စင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမြန်ရထား တစ်စင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် စာပို့ရထားတစ်စင်း၊ ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် RBE ရထား ၁၂ စင်း စုစုပေါင်း ၁၈ စင်းကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။ ကုန်ရထားပြေးဆွဲမှုအနေဖြင့် ဇူလိုင် ၁၉ ရက်မှစ၍ ယနေ့အထိ ကုန်သေတ္တာရထား ရှစ်စင်း၊ အထွေထွေကုန်ရထား လေးစင်း၊ ကျောက်ရထား ခုနစ်စင်း၊ ကွန်ကရစ်ဇလီဖားတင်ရထား သုံးစင်း စုစုပေါင်း ၂၂ စင်း ပြေးဆွဲပေးခဲ့သည်။

**ခေါက်ရေလျှော့ချပြေးဆွဲပေး**

ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ပြေးဆွဲမှုအနေဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ ခရီးသည်ယာဉ် ၂၅၉၆ စီး၊ ခရီးသည် ၁၂၀၆၄ ဦး၊ ကုန်တင်ယာဉ် ၂၁၇၈၁ စီး၊ ကုန်စည် ၁၉၂၂၆၄ တန်ကို ပို့ဆောင်ပေးနိုင်ခဲ့သည်။ လေကြောင်းလိုင်း၊ ရေကြောင်းလိုင်း၊ မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးတို့ကို ကုန်စည်စီးဆင်းမှု ချောမွေ့စေရန်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ကူးစက်ရောဂါပြန့်ပွားမှုကြောင့် ခရီးသည်ပို့ဆောင်ရေးအား ခရီးသည်လျော့ပါးမှုအပေါ်မူတည်၍ ခေါက်ရေလျှော့ချပြေးဆွဲပေးလျက်ရှိသည်။

**၂၄ နာရီ တာဝန်ချထား**

နိုင်ငံတကာ ကုန်သွယ်ရေယာဉ်များဝင်/ထွက်မှုအနေဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့အထိ ရန်ကုန်နှင့်သီလဝါ ဆိပ်ကမ်းတံတားအသီးသီးသို့ ကုန်သွယ်ရေယာဉ် အဝင် ၃၅ စီး၊ အထွက် ၂၁ စီး၊ ကုန်သေတ္တာ အဝင် ၁၃၇၀၀ TEU၊ အထွက် ၁၀၆၇၁ TEU ၊ အထွေထွေကုန်စည် အဝင် ၂၅၉၄၅၄ မက်ထရစ်တန်၊ အထွက် ၂၂၄၀၁ မက်ထရစ်တန် ရှိခဲ့သည်။ ထို့အပြင် ပင်လယ်ရေကြောင်းဖြင့် တင်သွင်းရောက်ရှိလာသည့် ကူးစက်ရောဂါကာကွယ်ရေးဆေးနှင့် ဆေးပစ္စည်းများကို ပြည်သူများ လက်ဝယ်သို့ အမြန်ဆုံးထုတ်ပေးနိုင်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဝန်ထမ်းများဖြင့် ၂၄ နာရီ တာဝန်ချထား ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများ၏ အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်တင်းနိုင်ရေးအတွက် ဇူလိုင် ၁၂ ရက်မှ ယနေ့အထိ ပြည်ပမှတင်သွင်းသည့် Liquid Oxygen များ၊ Liquid Oxygen နှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသော တရုတ်-မြန်မာနယ်စပ် ဝင်/ထွက်ပေါက် ကျင်စန်းကျော့မှ မော်တော်ယာဉ် ၈၁ စီး၊ မြန်မာ-ထိုင်းနယ်စပ် ဝင်/ထွက်ပေါက် မြဝတီမှ မော်တော်ယာဉ် ၃၉ စီးတို့ကို နယ်စပ် ဝင်/ထွက် ဂိတ်များတွင် လွယ်ကူချောမွေ့စေရေးနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ သွားရောက်နိုင်ရေးကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးခဲ့သည်။

**ရည်မှန်းဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခုနှစ်ကုန်တွင် နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ ရောက်ရှိလာသော ကာကွယ်ဆေးများ၊ အထောက်အကူပစ္စည်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ ပြည်တွင်းလေကြောင်းလိုင်းများ၏ လေယာဉ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကိုးခု၊ မြို့နယ် ၁၇ မြို့နယ်တွင် ကုန်တင်မော်တော်ယာဉ် အစီး ၅၀ ဖြင့် တစ်ကြိမ်လျှင် ၂၈၄ တန် သယ်ယူပို့ဆောင်ပေးနိုင်ရန် ကိုလည်း ပြင်ဆင်ထားရှိပြီး ဖြစ်ကြောင်းနှင့် ရောဂါဖြစ်ပွားမှုကာလအတွင်း မဖြစ်မနေသွားလာရမည့် ပြည်သူများ၏ ခရီးသွားလာမှုလွယ်ကူစေရေး၊ ကုန်စည်စီးဆင်းမှု၊ ကူးသန်းသွားလာမှုနှင့် ရောင်းဝယ်ဖောက်ကား မှုများ မပြတ်တောက်စေရေးတို့အတွက် ထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



ရထားဖြင့် ခရီးသည်များအား ပို့ဆောင်ပေးမှုကို တွေ့ရစဉ်။



ဆိပ်ကမ်းတံတားတွင် ရေယာဉ်များ ကုန်တင် ကုန်ချဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။ စာတည်း



# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၅၉၂၈ ဦးနှင့် အတွင်းလူနာပေါင်း ၈၀၆၂၅ ဦး တို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၈၂၆ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၆၉၀၃ ဦး စုစုပေါင်း ၁၉၇၂၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၆၂ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၂၅၃ ဦးကို သာမန်ဖြင့် လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၅၈၇၅ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူရိုး

ဦးဖိုးကျား

ဘာသာနှင့် ထွေးမောင်သည် ကျောင်းနေဖက်ဖြစ်ကြသည်။ ကျောင်းတွင်နေကြစဉ်က ဘာသာမှာ သွက်လက်ချက်ချာအကင်းပါး၍ လူလည်လူရှုပ်ဟုလည်း အခေါ်ခံရသည်။ ထွေးမောင်ကား ထုံ-ထိုင်း အ-န- အေးအေးဆေးဆေးနေတတ်၍ လူညံ့ လူပျော့ဟု အခေါ်ခံရသည်။

ကျောင်းမှထွက်ကြပြီးနောက် နှစ်ယောက်လုံး အိမ်ထောင်ကျကြ၍ ဘာသာမှာ (ရန်ကုန်)အလုံတွင်နေသည်။ ထွေးမောင်မှာ ကြည့်မြင်တိုင်တွင်နေသည်။ ဘာသာသည် တစ်စုံတစ်ရာ စွဲစွဲမြဲမြဲ အလုပ်မရှိ၊ ထီးထမ်းလမ်းလျှောက် လူပေါ်ကြော့ လူပေါ်မှာ အညွန့်ခူးစားလေသည်။ ထူးသည်ကား ဘာသာမှာ ပြောင်ပြောင်လက်လက်ဝတ်စား၍ စားလိုက်သောက်လိုက်နှင့် အတန်ဟန်ကျပန်ကျနေနိုင်လေသည်။ ထွေးမောင်ကား ဓာတ်မီးကုမ္ပဏီတစ်ခုတွင် ဓာတ်မီးပြင်ဆင်ကြည့်ရှုသည့်ဘက်က တစ်လကျပ် ၄၀ နှင့် လုပ်ရသည်။ သားသမီးသုံးယောက်ရှိလာသည့်အပြင် အိမ်သားများ မကြာမကြာ မကျန်းမာသည်နှင့် ငွေကြေးမလုံလောက်၊ ဆင်းရဲကြွေးတင်ဖြစ်ရသည်။

မကြာမီပင် ဘာသာသည် မိမိ၏မယားနှင့် မသင့်မမြတ် ခွဲခွာကြ၍ တစ်ခုလပ်ပေါ်ကြော့အနေဖြင့် နေလေတော့သည်။ ထွေးမောင်၏အိမ်သို့ မကြာမကြာ လာရောက်လည်ပတ်တတ်၏။ ထွေးမောင် ဆင်းဆင်းရဲရဲနေရသည်ကို သနားသည်ဟု တစ်နေ့၌ အကြံပေးလေသည်။

၎င်းတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်တွင် ထောင့်ကျ၍ လူရှင်းသော စားပွဲတစ်ခု၌ဆုံမိကြရာ ဘာသာက တရားဟောလေသည်ကား “ဟေ့-ထွေးမောင်၊ မင်းဆင်းဆင်းရဲရဲနေရတာ ငါသနားတယ်ကွယ်၊ မင်းကိုကလည်း ညံ့ပါတယ်၊ ဟေ့-ဒီမှာကြည့်၊ ငါဘယ်လိုနေသလဲ၊ မင်းသူဌေးသားတွေ ငါ့လိုမနေနိုင်ဘူးကွ”

“နေနိုင်တာတော့ ဟုတ်ပါပြီကွယ်၊ မင်းအလုပ်တွေက မသန့်မရှင်းနဲ့ ထောင်နှုတ်ခမ်းနင်းနေတာပဲ၊ အဲဒီလိုအလုပ်တွေတော့ ငါက မလုပ်ချင်ဘူးကွဲ့၊ ငတ်ပြီးအသေခံမယ်”

“အမယ်လေး-ဘုရားလောင်းကြီးတွေ့နေမှကိုး၊ ဟေ့-ဒီမှာ၊ မင်းပြောပုံက လူနုံ-လူအ-လူစဉ် မမီတဲ့သဘော ခင်ဗျားရဲ့၊ ဒီလိုဖြစ်ရင်လည်း တောထွက်သွားပါလားကွဲ့၊ ဘာဖြစ်လို့ သားတွေ မယားတွေနဲ့ နေသေးသလဲ”

“မင်းဘာပြောပြောကွယ်၊ ရှိသမျှနဲ့ပဲ ဖြစ်သလို ရိုးရိုးလုပ်ကိုင်စားတော့မယ်”

“ဟေ့လူ-မနုံစမ်းပါနဲ့၊ ဒီမှာ ငါ ကော်ပေါက်တစ်ခုတွေ့ခဲ့တယ်။ ရန်ကုန်ထဲမှာ အင်္ဂလိပ်မကြီး-မင်းကြီးကတော် မုဆိုးမကြီးတစ်ယောက် ငါတွေ့ခဲ့တယ်၊ သူ့အိမ်က စားပွဲထိုးနဲ့စပ်ပြီး အတွင်းရေးတွေ ငါစုံစမ်းလို့သိခဲ့ပြီ၊ ဒီမှာ သူငွေသုံးလေးထောင်ကို ထားတာဟာ အလွယ်ကလေးရယ်၊ မင်းပါရင် နေရာကျမယ်၊ ဒီလိုကွဲ့၊ မင်းက ဓာတ်မီးဘက်က နားလည်တော့ ဓာတ်မီးပြင်သမားအနေနဲ့ ငါက မင်းအဖော်တပည့်အနေနဲ့ဝင်ရရင် အလွယ်ကလေးရယ်၊ အိမ်ထဲရောက်ရုံသာ လိုတယ်၊ ရောက်ရင် ထားတဲ့နေရာက အလွယ်ကလေးနဲ့ ယူနိုင်တယ်၊ အဲဒါ မင်းစဉ်းစားမနေနဲ့၊ တစ်ခါတည်းလိုက်ခဲ့၊ ငွေကျပ် ၁၅၀၀ - ၂၀၀၀ ရရင် ကြွေးလည်းကျေရော၊ ကိုယ့်အိမ်ကလေးကိုယ်ဆောက်ပြီး အသင့်အတင့်တော့ နေနိုင်တာပဲ၊ ကိုင်း-လာကွယ်”

ထိုအခါ ထွေးမောင်သည် ပြုံး၍ “မဖြစ်နိုင်ပါဘူးကွယ်။ ငါ့ကို မင်း ဘယ့်နှယ်ဆွယ်လို့မှရမှာ မဟုတ်ဘူး၊ မင်း ငါ့ကိုစေတနာထားတယ်ဆိုတာတော့ ကျေးဇူးတင်ပါတယ်၊ ကိုင်း ငါလည်း အလုပ်သွားဖို့ နီးပြီ”ဆို၍ ထလေ၏။

“ဟေ့-အကောင်၊ မင်း ဒါကြောင့် ဒီလိုနေရတာ သိရဲ့လား၊ ကိုင်း ဆရာ့သဘောပဲ၊ ကောင်းစေချင်လို့ နတ်ပြည်တင်၊ မြင့်တယ်လို့ခုန်ချဆိုတာ မင်းလို အကောင်မျိုးတွေပေါ့။ ဩော်-ဒီမှာ၊ မင်းမလိုက်ချင်ရင်နေ၊ နို့ပေမဲ့ ဘယ်သူ့မှ မပြောနဲ့နော်ဟုတ်လား”

“ဒါတွေ မင်းပြောစရာ မလိုပါဘူးကွယ်”ဆို၍ ထွေးမောင်သည် ချာခနဲ လှည့်ထွက်သွားလေ၏။

ဘာသာသည် ဓာတ်မီးပြင်သမားသဏ္ဌာန်ပြုကာ လက်နက်ကိရိယာအသင့်အတင့်နှင့် ထိုအင်္ဂလိပ်မကြီး အိမ်သို့ လာခဲ့၏။ ထိုအိမ်က ဓာတ်မီးပြင်ရန် ခေါ်သည့်ဟန်၊ ထိုအိမ်နံပါတ်၊ လမ်းအမည်ရေးထားသောစာရွက်ငယ်တစ်ခုလည်း ဆောင်ခဲ့၏။

အင်္ဂလိပ်မကြီးမှာ အခိုင်းအစေမိန်းမတစ်ယောက်၊ ထမင်းချက်သမား တစ်ယောက်၊ စားပွဲထိုးတစ်ယောက်နှင့်သာနေ၏။

ဘာသာလာသော ညနေသုံးနာရီအချိန်လောက်တွင် ထမင်းချက်သမားနှင့် စားပွဲထိုးသည် နောက်ဖေးသီးခြားမီးဖိုချောင်တွင် ချက်ပြုတ်နေ၏၊ အခိုင်းအစေမိန်းမကား အပြင်ဘက်သို့ အဝယ်အခြမ်းထွက်နေ၏၊ အင်္ဂလိပ်မကြီးမှာလည်း အတန်ပြင်းသော အဆစ်အမျက်ကိုက်သည့်ဝေဒနာကို ခံနေရသည်မှာ ကြာရှည်ပြီဖြစ်၍ အတန်မမာမကျန်းဖြစ်ကာ အိမ်ခန်းတစ်ခုတွင် အိပ်ရာပေါ်၌လှဲနေ၏။

ဘာသာသည် လူရှင်းကြောင်းသိ၍ အိမ်သို့ဝင်၏။ ၎င်း၏အကြံကား လူရှင်းလျှင် စာရေးခန်း စားပွဲအံဆွဲတစ်ခုတွင်ထားသည်ဆိုသောငွေကိုယူမည်၊ လူတွေ့လျှင် ဓာတ်မီးကုမ္ပဏီကလွှတ်လိုက်သော လူအဖြစ်ဟန်ဆောင်မည်ဟု ကြံ၍ဝင်၏။

အိမ်ရှေ့ခန်းရောက်၍ လူရှင်းသည်ထင်သည်နှင့် ငွေထားရာစားပွဲဆီသို့ တိတ်တဆိတ်လာခဲ့ရာ နားပါးသော အမယ်ကြီးသည် ခြေသံလိုလိုကြား၍ ချောင်းဟန့်ကာ အင်္ဂလိပ်လိုဘယ်သူလဲဟု အိပ်ရာမှနေ၍ မေးလေ၏။

ဘာသာသည် အမြန်ဆုတ်၍ အဝင်ဝတံခါးတွင် ရပ်ကာ တံခါးကိုခေါက်လေသည်။

အမယ်ကြီးသည် နွမ်းလျနာကျင်သောကိုယ်ဖြင့် ထလာခဲ့လေ၏။ ဘာသာကို တွေ့မြင်ရလျှင် မြန်မာပြည်ပေါက်ဖြစ်၍ မြန်မာစကားကို ကောင်းစွာတတ်ကျွမ်းသည်နှင့် မြန်မာဘာသာဖြင့် မေးမြန်းလေ၏။

“ကျွန်တော်တို့ကုမ္ပဏီကို ဒီအိမ်က ဓာတ်မီးပြင်ချင်လို့ဆိုပြီး လူလွှတ်လိုက်လို့ ကုမ္ပဏီက ကျွန်တော့်ကို လွှတ်လိုက်ပါတယ်”

“မင်းတို့ မှားပြီထင်တယ်၊ ကျုပ်မီးတွေ အကောင်းသားပဲ၊ လူလည်း မလွှတ်ရပါဘူး”

“အို-ဟောဒီမှာ နာမည်၊ လိပ်စာတွေတောင် ရေးပေးလိုက်သေးတယ်၊ စပတ်လမ်း တိုက်နံပါတ် ၃၀၊ မစ္စစ်ဘာတန်တဲ့၊ အဲဒါ ခင်ဗျားပဲမဟုတ်လား ခင်ဗျာ”

“အင်း-နာမည်တွေတော့ဟုတ်ပါရဲ့၊ နို့ပေမဲ့ လူလွှတ်တာတော့မဟုတ်ဘူး” ဟု ဆိုပြီးနောက် စေ့စပ်သောအမယ်ကြီးသည် ဆက်၍ “မင်းနာမည်က ဘယ်သူလဲ၊ ဘယ်မှာနေသလဲ”ဟု မေးလေ၏။

ထိုအခါ မရိုးသားသော ဘာသာမှာ အကျပ်ရိုက်သွား၍ အမည်မှန်ကိုပေးရန် မဖြစ်နိုင်သည်ကို သိရှိကာ ရုတ်တရက် ထွေးမောင်ကို သတိရပြီးလျှင် “ကျွန်တော့်နာမည် ထွေးမောင်တဲ့၊ ကြည့်မြင်တိုင် ပိတောက်တန်း နံပါတ် ၂၈ မှာ နေပါတယ်”ဟု ထွေးမောင်၏အမည်၊ လမ်းအမည်၊ အိမ်နံပါတ်တို့ကို အလွဲသုံးစားပြုလိုက်လေ၏။

ဤအချိန်တွင် အမယ်ကြီးမှာ အလွန်နာကျင်ကိုက်ခဲလာသည်နှင့် “အို-အို”ဆို၍ အနီးရှိ ကုလားထိုင်ပေါ်သို့ ခွေပျော့၍ကျသွားလေ၏။ ထိုအခါ ဘာသာသည် “အို-အမေကြီး မမာဘူးလား” ဟု မေးရလေ၏။

“ဟုတ်တယ် မောင်ရယ်၊ ကိုင်း ကိုင်း ခဏ ဟိုကုလားထိုင်ပေါ်မှာ ထိုင်ဦး၊ ဟုတ်တယ်၊ အမေကြီး အဆစ်အမျက်ကိုက်တဲ့ ရောဂါခံနေရတာ သုံးနှစ်ကျော်ပြီ၊ ဆရာဝန်တွေလည်း စုံပါပြီကွယ်၊ ဒါနဲ့ပဲ သေရတော့မယ်ထင်ပါရဲ့” ဆို၍ အလွန်နာကျင်စွာ ခံစားနေရသည်ကို ဘာသာမြင်ရလေ၏။

မေးမြန်းတတ်သော အမယ်ကြီးကဆက်၍ “နေပါဦး၊ မင့်မိန်းမနာမည်က ဘယ်သူတဲ့လဲ၊ သားသမီးကောရှိလား၊ လခ ဘယ်လောက်ရသလဲ၊ စားလောက်သောက်လောက်ရဲ့လား”ဟု မေးလေ၏။

“ကျွန်တော့်မိန်းမက မယ်လှတဲ့၊ ကလေးသုံးယောက် ရှိပါတယ်၊ တစ်လ ၄၀ ကျပ်တည်းရပါတယ်၊ ဘယ်မှာစားလောက်မလဲခင်ဗျာ၊ မကျန်းမမာလည်း ဖြစ်ကြတာနဲ့ ကြွေးတွေတောင်တင်နေပါတယ်၊ အိမ်ကလေးတစ်ခန်းတောင် မိတ်ဆွေတစ်ယောက်က ကြည့်ရှုထားလို့ အလကားနေရပါတယ်” ဟု ထွေးမောင် မိန်းမနာမည်၊ ထွေးမောင် ကလေးသုံးယောက်၊ ထွေးမောင်အခြေအနေတို့ကို ထပ်လောင်း၍ အလွဲသုံးစားပြုလုပ်ရပြန်လေ၏။

“ဩော် . ဩော် မင်းတို့ တယ်ဆင်းရဲတာကိုးကွဲ့၊ ငါ့မှာလည်း တစ်မျိုးဆင်းရဲနေတာပဲကွယ်၊ ကြေးငွေတော့ ပြည့်စုံပါရဲ့၊ ဟောဒီဝေဒနာခံနေရတယ်၊ ပျောက်ရင်လေ ရှိသမျှပစ္စည်းကို ပေးပစ်နိုင်ပါရဲ့”

ထိုအခါ ဘာသာသည် ပစ္စည်းစကားကို ကြားသောအခါ လိုချင်စိတ်ဖြစ်လာ၍ မိမိလည်း ဆေးနည်းတစ်ခုသိထားသည်နှင့် ပျောက်လိုပျောက်ငြား ဟု ဤသို့ပြော၏။

“ဩော်-အမေကြီး၊ ဒီအဆစ်အမျက်ကိုက်တဲ့ ရောဂါမျိုး ကျွန်တော့်အမေခံရဖူးတယ်၊ လေးငါးနှစ်ကိုကြာတာပဲ၊ နောက်ဆုံးမှ ဆေးတွေ့သွားတယ်၊ အဲဒီဆေးနည်းကို ကျွန်တော်ကိုယ်တိုင် ဖော်စပ်ပေးခဲ့ရလို့ မှတ်မိပါတယ်၊ ဆေးကတော့ ဗမာဆေးပဲ၊ ဗမာဆေးလည်း စွမ်းပါတယ်၊ စမ်းကြည့်ပါလား အမေကြီး”

အင်္ဂလိပ်ဆေးမျိုးစုံ၊ အင်္ဂလိပ်ဆရာဝန်မျိုးစုံ မတတ်နိုင်သဖြင့် သေမင်းပြည်သို့ သွားရတော့မည်ဟု ယုံကြည်နေသော အမယ်ကြီးသည် မြန်မာဆေးကို စမ်းကြည့်လိုသည်၊ ကျေးဇူးတင်ပါသည် စသည်ဖြင့် ပြောဆိုလေသည်နှင့် ဘာသာသည် ဆေးယူပြန်ခဲ့လေ၏။

ဘာသာသည် ဆေးကို ဘယဆေးဆိုင်တွင်စု၍ အမှုန့်ပြုကာ သံပရာသီး နှစ်လုံး သုံးလုံးနှင့်ယူခဲ့လေ၏။ ဆေးအားလုံးအတွက် သုံးမူးလောက်သာ ကျလေသည်၊ အဆင်သင့်လို့ ပျောက်ရင်တော့ ငါကော်တာပဲဟု စိတ်တွင်ရှင်နေလေ၏။

ရောက်သော် ဆေးကို သံပရာရည်နှင့်ဖျော်၍ အမယ်ကြီးအား အဆစ်အမျက်တို့ကို ကိုယ်တိုင် လိမ်းပွတ်၍ပေး၏။

“ကိုင်း...ဒီတစ်ည စမ်းကြည့်စမ်းပါ၊ သိသာပါလိမ့်မယ်။ တစ်နေ့ကို မနက်တစ်ခါ ညတစ်ခါ မှန်မှန်သာ လိမ်းပေးပါ။ ပျောက်ပါလိမ့်မယ်၊ ဗမာဆေးလည်း စွမ်းပါတယ်”ဟု ရယ်မော၍ ပြောလေ၏။

“အေး-ကျေးဇူးအင်မတန်တင်ပါတယ်ကွယ်၊ ပျောက်ရင်တော့ ...” ဆို၍ ရပ်ထားလေ၏။

“ကိုင်း-ကျွန်တော်ပြန်လိုက်ဦးမယ်”ဆို၍ ဘာသာသည်လည်း ထွက်လာခဲ့လေ၏။

ဘာသာသည် လူပေါ်လူညွှန့်ခူးစားသည်မှာ အတန်ကြာပြီဖြစ်၍ အစိုးရပေါ်မှာ အညွှန့်ခူးစားရန် မကြာမီ ဖြစ်ပေါ်လာလေ၏။ အစိုးရက ဆောက်ပေးသောတိုက်ခန်းတွင်နေရ၏၊ မအိပ်ချင်သော အိပ်ချင်သော အချိန်မှန်အိပ်ရ၏၊ မစားချင်သော စားချင်သော အချိန်မှန်စားရ၏၊ ပြင်ပပြင်လွင်သို့ ထွက်ချင်တိုင်း မထွက်ရသည်တစ်ခုသာ ဆိုဖွယ်ရှိ၏။ ထို့ပြင်လည်း လုပ်ချင်သော မလုပ်ချင်သော အလုပ်တို့ကို မှန်မှန်လုပ်ရ၏။ ဤသို့အားဖြင့် အစိုးရ၏ ကြည့်ရှုကျွေးမွေးပြုစုထားခြင်းကို သုံးနှစ်မျှ ခံစားနေရလေ၏။

အင်္ဂလိပ်မကြီးမှာ ဆေးတွေ့ချိန်ကျ၍လား မသိရ၊ ဆေးတစ်ခါလိမ်းနှင့်ပင် ထိုည အတန်ကောင်းကောင်း အိပ်ရ၏၊ ကောင်းမှန်းသိ၍ ဆက်လက်ပြီး ကြိုးစားလိမ်းရာ သုံးလတွင် ရောဂါရှင်းရှင်းပျောက်လေ၏။ ဆေးပေးသော၊ ဆင်းရဲသည်ဆိုသော “ထွေးမောင်”ကို ကျေးဇူးဆပ်လို၍ ထွေးမောင်အိမ်သို့ ကိုယ်တိုင်သွားရောက်၍ ကြေးငွေပေးမည်ဟု နှစ်ခါ၊ သုံးခါကြံ၏။

**ဘာသာသည် လူပေါ်လူညွှန့်ခူးစားသည်မှာ အတန်ကြာပြီဖြစ်၍ အစိုးရပေါ်မှာ အညွှန့်ခူးစားရန် မကြာမီ ဖြစ်ပေါ်လာလေ၏။ အစိုးရက ဆောက်ပေးသော တိုက်ခန်းတွင်နေရ၏၊ မအိပ်ချင်သော အိပ်ချင်သော အချိန်မှန်အိပ်ရ၏၊ မစားချင်သော စားချင်သော အချိန်မှန်စားရ၏၊ ပြင်ပပြင်လွင်သို့ ထွက်ချင်တိုင်း မထွက်ရသည်တစ်ခုသာ ဆိုဖွယ်ရှိ၏။ ထို့ပြင်လည်း လုပ်ချင်သော မလုပ်ချင်သော အလုပ်တို့ကို မှန်မှန်လုပ်ရ၏။ ဤသို့အားဖြင့် အစိုးရ၏ ကြည့်ရှုကျွေးမွေးပြုစုထားခြင်းကို သုံးနှစ်မျှ ခံစားနေရလေ၏။**

(ဆက်လက်ဖော်ပြပါမည်)

## အနုပညာ

# အခွန်ရှောင်မှုနဲ့ တရားရင်ဆိုင်ရဖွယ်ရှိနေတဲ့ ရှာကီရာ

ကျော်ကြားတဲ့ ကိုလံဘီယာတေးသံရှင်နဲ့ တေးရေးတစ်ဦးဖြစ်သူ ရှာကီရာဟာ အခွန်တိမ်းရှောင်လိမ်လည်မှုအတွက် တရားရင်ဆိုင်ရဖွယ်ရှိနေကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရှာကီရာအနေနဲ့ အခွန်နဲ့ပတ်သက်ပြီး လိမ်လည်ခဲ့တာတွေနဲ့ အဲဒါနဲ့ပတ်သက်လို့ လုံလောက်တဲ့ သက်သေတွေလည်း စပိန်တရားသူကြီးတစ်ဦးက တွေ့ရှိထားပြီးဖြစ်ကြောင်း ဇူလိုင် ၂၉ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ တရားရုံးမှတ်တမ်းတွေအရ သိရှိခဲ့ရတာဖြစ်ပါတယ်။



တရားသူကြီး မာကိုဂျေးဆက်စ်လူးဘာရီးရက်စ်က တရားခွင်အကြိုစုံစမ်းစစ်ဆေးမှုတွေကနေ ရှာကီရာအနေနဲ့ ယူရို ၁၄ ဒသမ ၅ သန်း အခွန်ဆောင်ဖို့ရာကျန်ရှိနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရတာဖြစ်တယ်လို့ ဆိုပါတယ်။ အဆိုပါအခွန်ငွေတွေဟာ ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်အတွင်းရရှိခဲ့တဲ့ ဝင်ငွေတွေအပေါ် အခွန်ပေးဆောင်ဖို့ ရှာကီရာဘက်က ပျက်ကွက်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ရှာကီရာဘက်က ပြောရေးဆိုခွင့်ရှိသူက ရှာကီရာအနေနဲ့ ၂၀၁၅ ခုနှစ်မတိုင်မီ စပိန်မှာနေထိုင်ခဲ့ခြင်းမရှိကြောင်းနဲ့ တရားရုံးကထုတ်ပြန်ချက်တွေဟာ မျှော်မှန်းပြောဆိုမှုသာဖြစ်နိုင်ကြောင်း တုံ့ပြန်ခဲ့ပါတယ်။ အသက် ၄၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရှာကီရာနဲ့ ဘောလုံးကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျရက်ပီကေးတို့ဟာ ၂၀၁၁ ခုနှစ်မှစတင်ပြီး အတူနေထိုင်ခဲ့ကြကာ လက်ရှိမှာ ရင်သွေးလေးနှစ်ဦး ရရှိခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။



# Captain Marvel 2 တွင် ပါ့ခ်ဆိုးဂျွန် ပါဝင်သရုပ်ဆောင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ပါ့ခ်ဆိုးဂျွန်ဟာ ဟောလိဝုဒ်ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း မကြာသေးမီက အတည်ပြုပြောကြားခဲ့ပါတယ်။ လတ်တလောမှာတော့ မင်းသားဟာ ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ရုပ်ရှင်တစ်ခုဖြစ်တဲ့ Captain Marvel ရုပ်ရှင်သစ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပါ့ခ်ဆိုးဂျွန်ဟာ Captain Marvel 2: The Marvels မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဇူလိုင် ၃၀ ရက်မှာ အဆိုပါရုပ်ရှင်သစ်မှာ ပါ့ခ်ဆိုးဂျွန်ပါဝင်သွားမယ့်အကြောင်း ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ပါ့ခ်ဆိုးဂျွန်ဟာ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ ဘယ်ရီလာဆန်၊ ဇွဲအက်ရှ်တန်၊ တီယွန်နာပဲရစ်၊ အိုင်မန်ဘယ်လန်နီတို့နဲ့ တွဲဖက်သရုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ပါ့ခ်ဆိုးဂျွန်ဟာ မာဗယ်ရုပ်ရှင်နဲ့ လက်တွဲခဲ့တဲ့ တတိယမြောက် တောင်ကိုရီးယားအနုပညာရှင်တစ်ဦး ဖြစ်ပါတယ်။ ယခင်က ကလူဒီယာကင်နဲ့ မာဒေါင်ဆွတ်တို့လည်း မာဗယ်နဲ့ လက်တွဲကာ ဟောလိဝုဒ်ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

အချို့သော သတင်းရင်းမြစ်များရဲ့ ပြောကြားချက်အရ ပါ့ခ်ဆိုးဂျွန်ဟာ အဆိုပါရုပ်ရှင်သစ်မှာ မာဗယ်လူစွမ်းကောင်းသစ်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ယင်းရုပ်ရှင်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# VERIVERY လာမယ့်လအတွင်း ပရိသတ်ရှေ့အရောက်ပြန်လာမည်



တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ VERIVERY ဟာ လက်ရှိမှာ တေးအယ်လ်ဘမ်သစ် အတွက် ပြင်ဆင်နေပြီး လာမယ့်ဩဂုတ်လအတွင်း အဆိုပါ တေးအယ်လ်ဘမ်ကို စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၃၀ ရက်မှာ ထွက်ပေါ်ခဲ့တဲ့သတင်းတွေအရ အဆိုပါတေးဂီတအဖွဲ့အနေနဲ့ တေးအယ်လ်ဘမ်သစ်ကို ဩဂုတ်လအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ ငါးလအတွင်း VERIVERY အနေနဲ့ ပထမဆုံးအကြိမ် တေးသီချင်းသစ် ထုတ်လွှင့်မှုလည်း ဖြစ်လာမှာပါ။

တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်ရက်ကို ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိပေမယ့် တေးဂီတလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူထားတဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မင်ချန်းအနေနဲ့ အနုပညာလှုပ်ရှားမှုတွေ ပြန်လည်လုပ်ဆောင်နေပြီ ဖြစ်ကြောင်း သိရပါတယ်။

### ❂ ONE မစ်ဒယ်ဝိတ်တန်းမှ

နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို နှစ်ပွဲဆက်အရေးနိမ့်ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်နှစ်ခုစလုံး လက်လွှတ်ခဲ့ရသည့် အောင်လအန်ဆန်သည် ယခုထိုးသတ်သည့်စိန်ခေါ်ပွဲတွင် လီအန်ဒရိုကို အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲအနိုင်ရလဒ်ကြောင့် အောင်လအန်ဆန်အနေဖြင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်ခွင့်ရရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။ ပထမအချီအစတွင် နှစ်ဦးစလုံးအကဲစမ်းပြီး လက်သီးချက်များဖြင့် ရင်ဆိုင်ခဲ့ကြသည်။ တစ်မိနစ်ကျော်တွင် လီအန်ဒရိုက မထင်မှတ်သည့်တိုက်ကွက်ထုတ်သုံးကာ အောင်လအန်ဆန်ကို ချုပ်ကွက်ဖြင့် အမိဖမ်းရန် ကြိုးပမ်းခဲ့သော်လည်း အောင်လအန်ဆန်က ရုန်းထွက်နိုင်ခဲ့သည်။ အောင်လအန်ဆန်သည် လက်သီးချက်များကို အဓိကအသုံးပြုခဲ့ပြီး ခြေကန်ချက်များကို တစ်ခါတစ်ရံ အသုံးပြုခဲ့သည်။ သုံးမိနစ်ကျော်တွင် အောင်လအန်ဆန်က လီအန်ဒရိုကို ချောင်ပိတ်ကာ ထိုးသတ်ခဲ့သည်။ အောင်လအန်ဆန်၏ ဒူးတိုက်ချက်ကြောင့် လီအန်ဒရို ယိုင်သွားရာ အောင်လအန်ဆန်က လက်သီးချက်များ တရစပ်ပစ်သွင်းကာ ၃ မိနစ် ၄၅ စက္ကန့်တွင် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် MMA ပြိုင်ပွဲများတွင် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့ပြီး ယခုနှစ်အတွက် ပထမဆုံးနိုင်ပွဲဖြစ်ခဲ့သည်။

ယခုပြိုင်ပွဲတွင် တွဲဆိုင်းခြောက်ပွဲ ထည့်သွင်းကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျင်းပခြင်းဖြစ်သောကြောင့် ပရိသတ်မပါဘဲ ရုံပိတ်ကျင်းပကာ ရုပ်သံလိုင်းများမှသာ ထုတ်လွှင့်ပြသခဲ့သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - ONE Championship

# ဘီလီအဲလစ်ရှ်ရဲ့ တေးအယ်လ်ဘမ်သစ်ထွက်ရှိ

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဘီလီအဲလစ်ရှ်ဟာ လတ်တလောမှာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ဘီလီအဲလစ်ရှ်ဟာ အဆိုပါ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ချင်းစီ ဦးစွာထုတ်လွှင့်ပေးခဲ့ပြီးနောက် လက်ရှိမှာ အယ်လ်ဘမ်တစ်ခုလုံးကို ထုတ်လွှင့်ပေးခဲ့တာလည်းဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အသက် ၁၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘီလီအဲလစ်ရှ်က သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို Happier Than Ever လို့ အမည်ပေးထားပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ထုတ်လွှင့်ခဲ့တာလည်း ဖြစ်ပါတယ်။ လက်ရှိမှာ အဆိုပါတေးအယ်လ်ဘမ်ဟာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ် ၁၀၀ စာရင်းရဲ့ ထိပ်တန်းတေးအယ်လ်ဘမ် ၄၀ မှာ ပါဝင်နေကြောင်းလည်း သိရပါတယ်။

တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့ပတ်သက်ပြီး ဘီလီအဲလစ်ရှ်က အဆိုပါ တေးအယ်လ်ဘမ်ဟာ သူ့ရဲ့ထွက်ရှိခဲ့သမျှသော တေးအယ်လ်ဘမ်တွေအနက် ကျေနပ်မှုအရှိဆုံးတေးအယ်လ်ဘမ်ဖြစ်ကြောင်း၊ ယင်းတေးအယ်လ်ဘမ်ထုတ်လုပ်ရာမှာ သူ့အနေနဲ့ အတွေ့အကြုံပိုမိုရရှိခဲ့ကြောင်းနဲ့ အဆိုပါတေးအယ်လ်ဘမ်အတွက် ပြင်ဆင်ခဲ့ရတဲ့ညတွေဟာ သူ့အတွက် အကောင်းဆုံးအချိန်တွေဖြစ်ခဲ့ကြောင်း လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

အေးပြည့်-ရေးသားသည်

မန္တလေးခရိုင်အတွင်း၌ သီတင်းသုံးနေထိုင်တော်မူကြသော
သီလသိက္ခာ ၊ သမာဓိသိက္ခာ ၊ ပညာသိက္ခာ တို့နှင့် ပြည့်စုံတော်မူကြသော
သက်တော်ရှည် မဟာထေရ် ဆရာတော်ဘုရားကြီးများ၏

# ဆုတောင်း မေတ္တာ ပို့သလွှာ

မြန်မာပြည်သူ ပြည်သားအပေါင်း အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော သူတော်စင် သူတော်မြတ်အပေါင်းတို့အား ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ယခုအချိန်အခါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ရဟန်းရှင်လူ ပြည်သူပြည်သားအချို့သောပုဂ္ဂိုလ်တို့အား ဒယ်တာ အသွင်ပြောင်း COVID-19 မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့နေသော ကပ်ရောဂါ ဝေဒနာကို ပြင်းထန်စွာခံစားနေရသော ရောဂန္တရကပ် ဆိုက်ရောက်နေသည့် အချိန်ကာလ သမယ ဖြစ်နေပြီး တစ်ရက်ထက် တစ်ရက် ရောဂါဝေဒနာဖြင့် ဆုံးရှုံးပျက်စီးနေကြောင်း ကြားသိနေရပါတယ်။

ယခုလို ရောဂန္တရကပ် ဒယ်တာအသွင်ပြောင်း COVID-19 မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့နေသော ရောဂါဆိုးကြီးကို မြန်မာနိုင်ငံတော်အတွင်း အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကင်းစင်လွင့်ပျောက်၊ ချုပ်ပျောက်စေရန်အတွက် မြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်ကြကုန်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ၊ စီးပွားရေးလုပ်ငန်းရှင်များ ၊ ကုမ္ပဏီကြီးများ ၊ ဌာနဆိုင်ရာဝန်ထမ်းများ ၊ အလှူအသီးသီးမှပုဂ္ဂိုလ်များ အားလုံး စည်းလုံးညီညွတ်စွာဖြင့် တစ်ဦးကို တစ်ဦး သည်းခံပြီး စေတနာ မေတ္တာများ အပြည့်အဝထားရှိကာဖြင့် ဒယ်တာ အသွင်ပြောင်း COVID-19 မျိုးစိတ်သစ် ကပ်ရောဂါကြီး ကင်းဝေးအောင် အချင်းချင်းညီညွတ်စွာဖြင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ကြပြီး ရောဂါဝေဒနာ စွဲကပ်ခြင်းအားလုံးတို့မှ ကင်းဝေးစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် မေတ္တာရေချမ်း စီးဖျန်းအပ်ပါတယ်။



## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မဥ္ဇူလမ်း၊ မြေကွက်အမှတ်(၂၄၉) ဧရိယာ(၄၀'×၆၀')ရှိသည့်မြေကွက်ကို မြေချပါမစ်တွင်တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ-ဦးဘရီ(AC-၀၄၄၅၆၃) သည်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်လှမြင့် သည်လည်းကောင်း၊ ကွယ်လွန်သွားပြီးသည့်နောက်၎င်းတို့၏သားသမီးများဖြစ်သူ(၁)ဒေါ် အေးအေးယဉ်(၁၂/မဂဒ (နိုင်)၀၀၃၆၁၇)(၂)ဦးသိန်းထွန်းအောင်(၁၂/မဂဒ(နိုင်)၀၀၃၄၄၄)တို့နှစ်ဦးက တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက်အဆိုပါမြေကွက်အတွင်းမှ(မြေရှင်းခြမ်း/မိတ္တူခြမ်း)(၁၅'×၆၀')အား ကျွန်ုပ်တို့၏မိတ်ဆွေ-ဦးမိုးဇော်အောင်(၁၂/ဒဂမ(နိုင်)၀၁၃၃၀၉)တအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သတ်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင်(LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဥတု
ရာသီ
တောကို
မှီ၏

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးခင်အောင်-ဒေါ်စုနွယ်ညွှန့်တို့၏သား မောင်ရဲဝင့်အောင် [၁၂/စခန(နိုင်)၀၆၆၀၉၅]သည် မိဘဖြစ်သူ၏ ဆုံးမစကားများ နားမထောင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးခင်အောင်(ဖခင်)




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။







COVID-19 ကိုဗစ်ဟာ အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုစိုးရိမ်ရပါတယ်။အဘိုးအဘွားများအိမ်မှာပဲနေပါ။ မိသားစုဝင်တွေကတော့အဘိုးအဘွားတို့နဲ့ထိတွေ့ဆက်ဆံရာမှာ မိမိကိုယ်တိုင် သန့်ရှင်းရေးဦးစားပေးပြီး သတိထား ထိတွေ့ပေးကြပါ။ မိသားစုဝင်မဟုတ်သူများကို အိမ်တွင်း မဝင်ပါစေနှင့်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော [illegible] ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းကုသိုလ်ကံများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း









[illegible]

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဝဏ္ဏကျော်ထင် ဦးတင်အေး

